## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-02-4



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဧပြီလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဧပြီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၄၃ / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၃ ခုနှစ်၊ မေလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၅၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောက် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၃ ခုနှစ်၊ ဧပြီလ )

## မာတိကာ


| | | |
|---|---|---|
| ၁။ | နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညှော်ခန်းမဆောင်၌ပြုလုပ်သည့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၇ |
| ၂။ | အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃)အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား | ၁၀ |
| ၃။ | မြဝတီရုပ်မြင်သံကြား၏ (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား | ၁၅ |
| ၄။ | မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား | ၂၀ |
| ၅။ | နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်း ယာယီ ရေထိန်းဆည်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆိုလာစနစ်သုံးရေတင်စနစ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံပြောကြားသည့် အမှာစကား | ၂၅ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအားမြို့တော်ခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား | ၃၀ |
| ၇။ | ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံ ပြောကြားသည့်အမှာစကား | ၃၂ |
| ၈။ | သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၃၄ |
| ၉။ | မြန်မာနှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှုတ်ခွန်းဆက်မင်္ဂလာစကား | ၃၇ |
| ၁၀။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ငုရွှေဝါခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား | ၃၉ |

၁၁။ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၄၆
၁၂။ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်လူရည်ချွန် မောင်မယ်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ တွေ့ဆုံ ပြောကြားသည့်သြဝါဒစကား ၅၀

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများ အကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များ ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညှော်ခန်းမဆောင်၌ ပြုလုပ်သည့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၃ - ၄ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့ပြီး ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် အခမ်းအနားများကို အောင်မြင်စွာကျင်းပခဲ့ကာ အခမ်းအနားတက်ရောက်လာသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ ရရှိသည့်ဂုဏ်ထူးဆောင်ဘွဲ့များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်တိုင်တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

**ချီးမြှင့်အပ်နှင်း**

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိခဲ့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက သွားရောက်ချီးမြှင့်အပ်နှင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ဂုဏ်ထူးဆောင်တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်ခြင်းကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညှော်ခန်းမဆောင်၌ပြုလုပ်ရာ အခမ်းအနားသို့နိုင်ငံတော်

စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်စည်သူရဲဝင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်စည်သူမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomini မြန်မာနိုင်ငံဆိုင်ရာရုရှား ဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Mr. Nikolay LISTOPADOV၊ စစ်သံမှူး Colonel Sergey KURCHENKO၊ ရုရှားသိပ္ပံ အကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျူ့၏ President ဖြစ်သူ Dr. Professor Vitaly Vyacheslavovich NAUMKIN နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ဖတ်ကြားတင်ပြ**

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇေယျကျော်ထင်တိုးရီက ဘွဲ့တံဆိပ်ပေးအပ်သည့်အမိန့်ကို ဖတ်ကြားတင်ပြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေး အတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ရရှိခဲ့သည့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin ထံ သီရိပျံချီ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့် အပ်နှင်းသည်။

ယင်းနောက် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာ ရေးအင်စတီကျူ့၏ President က **"ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့"** ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ ရာတွင် ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်အား တွေ့ဆုံဂုဏ်ပြုခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံ၏ဘာသာစကား၊ မြန်မာ့ သမိုင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကိုလေ့လာ သင်ကြားခဲ့ပါကြောင်း၊ ရုရှားဇာဘုရင် ပထမအလက်ဇန်းဒါး လက်ထက် ၁၈၁၈ ခုနှစ်ကတည်းက တည်ထောင်ခဲ့သည့် သမိုင်းအရှည်ကြာဆုံးနှင့်အကြီးမားဆုံးအရှေ့တိုင်းတက္ကသိုလ် ကြီးတွင် မိမိနှင့် ပါမောက္ခပညာရှင်များသည် မြန်မာနိုင်ငံ နှင့်ပတ်သက်သည့် အကြောင်းအရာများကို စိတ်ပါဝင်စား စွာ လေ့လာသင်ယူလျက်ရှိပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တရား မျှတမှုကိုအခြေခံသည့် နိုင်ငံရေးပွင့်လင်းမြင်သာမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရပါကြောင်း၊ သိပ္ပံနှင့်နည်းပညာ ကဏ္ဍအပါအဝင် မိမိတို့ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍ ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်ဆံမှုများသည်လည်း တိုးတက်လျက်ရှိပါကြောင်း၊ မိမိတို့တက္ကသိုလ်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွဲဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထား မှုနယ်ပယ်အပါအဝင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မှုများတွင် အဆွေတော်၏စွမ်းစွမ်း တမံဆောင်ရွက်မှုအတွက် **"ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့"** ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ရန် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်း လေ့လာရေးအင်စတီကျူ့ ပညာရေးကောင်စီမှတညီတညွတ် တည်း မဲခွဲဆုံးဖြတ်ခဲ့ကြပါကြောင်းနှင့် အဆိုပါဘွဲ့တံဆိပ်အား ချီးမြှင့်အပ်နှင်းခွင့်ပြုပါစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာ ရေးအင်စတီကျူ့၏ President က နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား **"ဂုဏ်ထူး ဆောင်ဒေါက်တာဘွဲ့"** ကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ် လက်ခံရရှိခြင်းအတွက် ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှချီးမြှင့် သည့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ကိုရရှိခဲ့သည့် အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျေးဇူး တင်ရှိပါကြောင်း၊ မိမိတစ်ဦးတည်း၏ စွမ်းဆောင်မှုကြောင့် ယခုကဲ့သို့ ဆုချီးမြှင့်ခံရခြင်းမဟုတ်ဘဲ အားလုံး၏ပူးပေါင်း ဆောင်ရွက်မှုကြောင့်ရရှိခဲ့ခြင်းဖြစ်သည်ဟု ခံယူထားပါ

ကြောင်း၊ မိမိအနေဖြင့် ရရှိပြီးဖြစ်သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်ဆံမှုများကို ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုချီးမြှင့်ခံရသည့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့်ထိုက်တန်သည့် ကြိုးစားဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် ၇၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ မကြာမီကျရောက်တော့မည့် မြန်မာနိုင်ငံ၏ နှစ်သစ်ကူးအခါသမယမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် အဆွေတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဦးဆောင်မှုအောက်တွင် အောင်မြင်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများစွာကို ဆက်လက်ရရှိပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား ဂုဏ်ပြုစကားနှင့် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျူ့မှ ပေးအပ်သည့် **"ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့"**ကိုလက်ခံရရှိခဲ့သည့်အတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးအား စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သီရိပျံ့ချီဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်ပေးအပ်နိုင်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ သီရိပျံ့ချီဘွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကောင်းရာကောင်းကျိုးဖြစ်ထွန်းစေရေး ထူးကဲကောင်းမွန်စွာ ဆောင်ရွက်သူများကို ပေးအပ်ချီးမြှင့်သည့် ဘွဲ့တံဆိပ်တစ်ခုဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွား၊ မြန်မာ့တပ်မတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည့်အပြင် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုကဲ့သို့စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်ပေးအပ်ရခြင်းဖြစ်ပါကြောင်း၊ အဆွေတော်၏ ကြိုးစားအားထုတ်မှုများကြောင့် မိမိတို့နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့်လည်း ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျူ့မှ ပေးအပ်သည့် **"ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့"** ကို လက်ခံရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျူ့သည် အာရှနိုင်ငံများနှင့် အာဖရိကမြောက်ပိုင်းနိုင်ငံများ၏ သမိုင်း၊ ဘာသာစကားနှင့် စာပေ၊ စီးပွားရေးနှင့် လူမှုရေး၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုစသည်တို့ကို သုတေသနပြုလေ့လာနိုင်ရန် တည်ထောင်ထားခြင်းဖြစ်ပြီး တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သူများမှာလည်း စွမ်းဆောင်ရည်မြင့်မားသည့်အတွက် ၁၉၈၀ ပြည့်နှစ်တွင် Order of the Red Banner of Labour တံဆိပ်ချီးမြှင့်ခြင်းခံရကြောင်းကို မှတ်သားသိရှိရပါကြောင်း၊ အဆွေတော်တို့၏ တက္ကသိုလ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်နှင့်ကျောင်းအသီးသီးမှ ပညာရှင်များမွေးထုတ်ပေးခဲ့သည့်အတွက် ရုရှားနိုင်ငံသည် စာပေပညာရှင်၊ သိပ္ပံပညာရှင်၊ ဝိဇ္ဇာပညာရှင် စသည်ဖြင့်ပညာရှင်များစွာပေါ်ထွန်းခဲ့ပြီး သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင်လည်း ကမ္ဘာ့ထိပ်တန်းနေရာမှ ရပ်တည်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် ထိုကဲ့သို့ စွမ်းရည်ထက်မြက်သူများကို မွေးထုတ်ပေးလျက်ရှိသည့် ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေးအင်စတီကျူ့မှပေးအပ်သည့် **"ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့"**ကို လက်ခံရရှိခြင်းအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံမှ ပညာတော်သင်များသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားခဲ့ပြီး အဆင့်မြင့်ဘွဲ့များစွာကိုရရှိခဲ့ကြောင်းနှင့် ဆက်လက်၍လည်း ပညာတော်သင်သင်တန်းသားအများအပြားတက်ရောက်သင်ကြားလျက်ရှိပါကြောင်း။

နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားကာလကြာရှည်စွာတည်ဆောက်ခဲ့သည့် စစ်ဘက်နည်းပညာ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံမှုများတိုးမြှင့်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

■ ■ ■

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၄ - ၄ - ၂၀၂၃ )



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးကိုဧပြီလ ၄ ရက်မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် မြို့တော်ဝန်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးကို နိုင်ငံတစ်ဝန်းလုံးရှိ ရေအရင်းအမြစ်များ နှစ်ရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေနှင့်ဆက်နွှယ်သည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေး၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုများ အားကောင်းလာစေရေးနှင့် ရေအရင်းအမြစ်များကို ထိထိရောက်ရောက်အကျိုးရှိရှိ အသုံးချနိုင်စေရေးအတွက် ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များကိုဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အလျင်အမြန်ဖြင့် ထိရောက်မှုရှိအောင် အကောင်အထည်ဖော်ကြစေရေး လိုအပ်သည်များကို မှာကြားလိုခြင်းကြောင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

**တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိ**

"ရေ" ဆိုသည်မှာ မိမိတို့သက်ရှိလောကနှင့် လူ့ပတ်ဝန်းကျင်အတွက် သဘာဝတရား၏ အကောင်းဆုံးလက်ဆောင်

မွန်ဟု ဆိုနိုင်ပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် မနက် အိပ်ယာထကစပြီး **"ရေ"**ကို အသုံးပြုရပါကြောင်း၊ လူများ စားသုံးသည့် ဆန်စပါးကအစ အမျိုးမျိုးသောစိုက်ပျိုးသီးနှံ များ ထုတ်လုပ်ရာတွင်လည်း **"ရေ"**သည် အဓိကလိုအပ်ချက် ပင်ဖြစ်ပါကြောင်း၊ ထို့ပြင် ယနေ့ခေတ်လူမှုဘဝတွင် အရေး ပါလှသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း **"ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကဏ္ဍ"**သည် ကုန်ကျစရိတ် များစွာသက်သာပြီး ပြန်လည်ရရှိနိုင်သောစွမ်းအင် (Renewable Energy)ဖြစ်သည့် အားလျော်စွာကမ္ဘာ တစ်ဝန်း၌ တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍတွင်လည်း မြစ်ချောင်း များမှအစပြုပြီး ပင်လယ်သမုဒ္ဒရာများတွင်ပါ လှေ၊ သင်္ဘော များဖြင့် ခရီးသွားလာပို့ဆောင်မှုများ၊ ကုန်သွယ်မှုများပြု လုပ်ခဲ့ကြသည်မှာ မြို့ပြယဉ်ကျေးမှုများအစပြုသည့် ခေတ် မှစပြီး ယနေ့ခေတ်တိုင်အောင်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် **"ရေနှင့်မြေ"**သည် အဓိကအရင်းအမြစ် ဖြစ်ပြီး၊ ရေနှင့်မြေကို အကျိုးရှိထိရောက်စွာ အလေးအနက် ထားလုပ်ဆောင်ခြင်းသည် နိုင်ငံသာယာဝပြောရေး၏ အဓိက အရင်းအနှီးဖြစ်ပါကြောင်း၊ **"ရေကိုရင်းနှီး ပြည်ကြီးသာယာ"** ဆိုသကဲ့သို့ ယနေ့ကမ္ဘာ့နိုင်ငံတိုင်းက ရေဆိုင်ရာလိုအပ်ချက် များကို ဖြည့်ဆည်းရန်ကြိုးပမ်းနေကြပြီး နိုင်ငံသာယာ ဝပြောရေးကို ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ် ပါကြောင်း။

ရေသည် အလွန်အဖိုးတန်သည့် အရင်းအမြစ်ဖြစ်ပြီး နောင်လာနောက်သားအဆက်ဆက် လူသားများအပါအဝင် သက်ရှိသတ္တဝါများ ရှိနေသမျှကာလပတ်လုံး ရေရှည်သုံးစွဲ သွားကြရမည်ဖြစ်သည့်အတွက် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းအသုံးပြုသွားကြရန်လိုအပ်ပြီး လူတိုင်း ရေရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း။

ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက် ကြောင့် ကမ္ဘာတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ နွေရာသီတွင်အပူချိန်လွန်ကဲစွာ မြင့်တက်မှုဖြစ်ပေါ်ခြင်း၊ အဖျက်စွမ်းအားကြီးမားသည့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ခြင်းစသည့်ပြင်းထန်သော သဘာဝဘေးအန္တရာယ် များနှင့် ဆိုးကျိုးသက်ရောက်မှုများကို ပိုမိုတွေ့ကြုံခံစားနေရ

**ရေချိုအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုး နေစေရန်၊ ရေဝေရေလဲဒေသသစ်တောများ ထိန်းသိမ်းရန်နှင့် ရေထုညစ်ညမ်းမှုမရှိ စေရေးတို့ကိုလည်း ထိရောက်စွာ ဆောင်ရွက်သွားရန် အရေးကြီး။**

ပါကြောင်း၊ ကမ္ဘာ့နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များနှင့် နွေရာသီတွင် ရေရှားပါးသည့် ပြဿနာများကို ပိုမိုတွေ့ကြုံလာရသည်ကို အားလုံးအသိ ပင်ဖြစ်ပါကြောင်း။

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လေ့လာ မှုများအရ နှစ်စဉ်လူပေါင်း ၁ ဒသမ ၄ သန်းသည် မသန့်ရှင်း သောရေကြောင့်ဖြစ်ပေါ်သည့်ရောဂါများနှင့် မိလ္လာမသန့်ရှင်း မှုများကြောင့် သေဆုံးနေကြရပြီး လူဦးရေ ၇၄ သန်းသည် တဖြည်းဖြည်းနှင့် သက်တမ်းတိုတောင်းလာသည်ကိုတွေ့ ရပါကြောင်း၊ ၂၀၁၁ ခုနှစ် WHO နှင့် UNICEF စာရင်းများ အရ ကမ္ဘာ့နေရာအနှံ့အပြားတွင် လူဦးရေသန်း ၂၀၀၀ ခန့် သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေမရရှိသေးပါ ကြောင်း၊ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်နီးပါးဖြစ်သည့် သန်း ၃၆၀၀ သည် သန့်ရှင်းသည့် မိလ္လာစနစ်မရှိသေးကြောင်း စစ်တမ်းများတွင် ဖော်ပြထားသည်ကိုတွေ့ရပါကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝမြစ်ချောင်းအင်းအိုင်များ ပေါများသည့်အတွက် နှစ်စဉ်မြစ်ချောင်းများမှ ရေကောင်း ရေသန့်ရရှိနိုင်သည့် ပမာဏသည် အာဆီယံနိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံပြီးပါက ဒုတိယအများဆုံးဖြစ်ပါကြောင်း၊ အာရှတိုက်အတွင်းရှိ နိုင်ငံများအနေဖြင့် နှိုင်းယှဉ်လိုက်ပါက ၂၀၁၁ ခုနှစ်မှတ်တမ်းများအရ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်ပြီးရင် ပဥ္စမအဆင့်ရှိသည်ကို တွေ့ရမည်ဖြစ် ပါကြောင်း၊ အဆိုပါအချက်ကိုကြည့်ခြင်းအားဖြင့် မိမိတို့ နိုင်ငံသည် ရေအရင်းအမြစ်ကြွယ်ဝချမ်းသာသည်ကို တွေ့ ရမည်ဖြစ်ပါကြောင်း။

**အလားအလာကောင်းများရှိနေ**

မိမိတို့မြန်မာနိုင်ငံရှိ မြစ်ကြီး ၄ သွယ်အပါအဝင် မြစ် ချောင်းကွန်ရက်များကနေ နှစ်စဉ်ရေချိုကေ ပေသန်း ၈၀၀

ကျော်စီးဆင်းလျက်ရှိနေသော်လည်း စီးဆင်းနေသည့် ရေချိုပမာဏ၏ (၅) ရာခိုင်နှုန်းခန့်ကိုသာ စိုက်ပျိုးရေး၊ အိမ်သုံးရေနှင့် စက်မှုသုံးရေအဖြစ် သုံးစွဲနိုင်သေးသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ရေအရင်းအမြစ်များကိုအခြေခံသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အလားအလာကောင်းများရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရေချိုအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးနေစေရန်၊ ရေဝေရေလဲဒေသသစ်တောများထိန်းသိမ်းရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေးတို့ကိုလည်း ထိရောက်စွာဆောင်ရွက်သွားရန်အရေးကြီးပါကြောင်း။

မိမိတို့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်မူဝါဒများချမှတ်ရေး၊ မြို့ပြနှင့်ကျေးလက်ဒေသတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စက်မှုလုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်သည့် ရေချိုရရှိရေး၊ မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်မှုမရှိစေရေး၊ မြစ်ချောင်းများအတွင်းကို စီးဝင်မည့်စွန့်ပစ်ရေများကို စနစ်တကျသန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်စေရေးတို့အတွက် ကြိုးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံတိုင်းက မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မပြတ်ကြိုးပမ်းနေကြသကဲ့သို့ မိမိတို့နိုင်ငံကလည်း ရေကဏ္ဍအပါအဝင် ကဏ္ဍစုံတွင်ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေကဏ္ဍဖွံ့ဖြိုးစေရေးအတွက် မိမိတို့ကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားပြည်သူများအတွက် ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီဝင်များအားလုံးက အားသွန်ခွန်စိုက်ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ကော်မတီ၏လှုပ်ရှားမှုအဖြစ် **"ကမ္ဘာ့ရေနေ့ ၂၀၂၃"** အထိမ်းအမှတ်အခမ်းအနားနှင့် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများကို ပြီးခဲ့သည့် မတ် ၂၂ ရက်က နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-2)တွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အဓိပ္ပာယ်ပြည့်ပြည့်ဝဝကျင်းပနိုင်ခဲ့ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများထဲမှ အဓိက Key Messages များအရ မိမိတို့နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးပွားလာမှုများကြောင့် ရေချိုအရင်းအမြစ်များ ပိုမိုလိုအပ်လာသဖြင့် ပိုမိုရှာဖွေရန်လိုအပ်လာသည်ဟု သိရပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် မိမိတို့ကော်မတီအနေဖြင့် ပြည်နယ်များနှင့်တိုင်းဒေသကြီးများတွင်ကြုံတွေ့နေရသည့် ရေအခက်အခဲများ မည်ကဲ့သို့ ဝိုင်းဝန်းကူညီဖြေရှင်းပေးနိုင်မည်ဆိုသည့်အခြေအနေများဆွေးနွေးကြရန်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက်ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးကြရန်နှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက်အကျိုးရှိစေမည့် ရေကဏ္ဍဖွံ့ဖြိုးစေရေး၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုများ စနစ်တကျလုပ်ဆောင်စေရေး၊ နိုင်ငံတကာနှင့် ရေဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ထိရောက်အောင်မြင်စွာဖော်ဆောင်နိုင်ရေးတို့အတွက်ရှေ့သို့ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဒုတိယဥက္ကဋ္ဌက အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဖွဲ့စည်းဆောင်ရွက်မှု၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးက ကော်မတီ၏ရေဆိုင်ရာလှုပ်ရှားဆောင်ရွက်မှု၊ ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များက ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရေအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိမှုအခြေအနေများနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်

**ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်များ၏ဝဲယာများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် စီမံကိန်းများကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်၍ သီးထပ်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နွေ၊ မိုး၊ ဆောင်း ကာလသုံးပါးတွင် အဟောသိကံစီး ဆင်းနေသည့် မြစ်ရေများကို သင့်တော်သည့် ရေထိန်းတမံစနစ်များဖြင့် ဒွန်တွဲ အကျိုးပြုသည့်အစီအမံများပြုလုပ်ရန် စီစဉ်ဆောင်ရွက်သင့်၊ ထိုသို့ဆောင်ရွက်ပေး နေခြင်းကြောင့် စိုက်ပျိုးမြေများတွင် ရေပိုမိုရရှိပြီး သီးထပ်သီးညှပ် စိုက်ပျိုး ဆောင်ရွက်နိုင်မည်ဖြစ်။**

ရေးအတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

**ရေများရရှိရေး နည်းလမ်းများရှာဖွေ**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြား ရာတွင် ရေကိုအသုံးချနိုင်ရန်အတွက် ရေရရှိရေးဆောင်ရွက် ရန်လိုကြောင်း၊ ရေလုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက် ရာတွင် မိုးရွာသွန်းမှုမှရရှိသည့် ရေများကို စုဆောင်းခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်၍ရကြောင်း၊ ရေကို လုံလောက်စွာရရှိစေရေးအတွက် ရေကိုစုဆောင်းသည့် အလေ့အကျင့်ကောင်းများရှိရန်လိုကြောင်း၊ အလားတူ စုဆောင်းထားသည့်ရေများကိုလည်း စိုက်ပျိုးရေးလုပ်ငန်း များနှင့် သောက်သုံးရေသုံးစွဲမှုများတွင်အကျိုးရှိစွာအသုံးချ နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသည့် အဓိကမြစ်ကြီး ၄ စင်းရှိကြောင်း၊ အဆိုပါမြစ်ကြီးများမှရေများကို အကျိုးရှိစွာအသုံးချနိုင်ရန် လိုကြောင်း၊ အဆိုပါမြစ်ကြီးများမှ စိုက်ပျိုးရေ၊ သုံးရေ၊ သောက် ရေအတွက်လိုအပ်သည့်ရေများရရှိရေး နည်းလမ်းများ ရှာဖွေ ဆောင်ရွက်ရန်လိုကြောင်း၊ အဓိကကျသည့် မြစ်ကြီး ၄ စင်းမှရေများကို အကျိုးရှိစွာအသုံးချနိုင်ရေးတာဝန်ရှိသည့် ဌာနများအနေဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ အလိုက်ဆောင်ရွက်နေကြသည့် ရေဆိုင်ရာလုပ်ငန်းများ၊ ရေနှင့်ဆက်နွှယ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် များနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်ကို တွေ့ ရပါကြောင်း။

ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့ နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

**ရာသီဥတုပြောင်းလဲမှုကိုအခြေခံ**

ရေအရင်းအမြစ်များ လျော့နည်းလာခြင်းသည် လူသား များနှင့် သက်ရှိသတ္တဝါအားလုံးအတွက် အသက်ရှင်သန် နေထိုင်ရေးနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် နောက်ဆက်တွဲဖြစ်သည့် စား၊ ဝတ်၊ နေ၊ ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် လူမှုစီးပွားဘဝများကို ဆိုးကျိုးသက် ရောက်စေမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်ရှားပါးလျော့ နည်းလာခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုးရွှားပျက်စီး မှုများနှင့် ရာသီဥတုပြောင်းလဲမှုကို အခြေခံခြင်းဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်၊ တောတောင်ရေမြေများ စိမ်းလန်း စိုပြည်ရေးနှင့် သစ်တောသစ်ပင်များထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်မှုမရှိအောင် ရေရှည် ကာကွယ်ထိန်းသိမ်းရေးတို့ကိုထည့်သွင်းစဉ်းစားလုပ်ဆောင် ကြရန်လိုပါကြောင်း။

ထို့ပြင် ရေနည်းကာလရေရရှိရေး ရေတိုရေရှည်စီမံကိန်း များကိုအချို့တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင်ဆောင် ရွက်နေကြသည်ကို တွေ့ရပါကြောင်း၊ အဓိကမြစ်ကြီးလေး

သွယ်ဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်များ၏ဝဲယာများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်၍ သီးထပ်စွမ်းအားတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ မွှေ့ မိုး၊ ဆောင်းကာလသုံးပါးတွင် အဟောသိကံစီးဆင်းနေသည့် မြစ်ရေများကိုသင့်တော်သည့် ရေထိန်းတမံစနစ်များဖြင့် ဒွန်တွဲအကျိုးပြုသည့်အစီအမံများပြုလုပ်ရန်စီစဉ်ဆောင်ရွက်သင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေခြင်းကြောင့် စိုက်ပျိုးမြေများတွင် ရေပိုမိုရရှိပြီး သီးထပ်သီးညှပ်စိုက်ပျိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်ရေနည်းကာလတွင် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သလောက်သာဆောင်ရွက်ကြရခြင်းကြောင့် နောင်နှစ်ရေနည်းကာလအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယခုအချိန်ကတည်းက စတင်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ စိုက်ကေတိုးချဲ့စရာမလိုဘဲ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်ပြီး အထွက်တိုးစေမည်ဖြစ်သည့်အတွက် ရေရရှိရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

**စိုက်ပျိုးရေး ပိုမိုအောင်မြင်လာမည်**

ယခင်က သီးနှံများစိုက်ပျိုးရာတွင် မုတ်သုံအဝင် မိုးရေကိုစောင့်ဆိုင်းပြီး စိုက်ပျိုးရေအဖြစ် စတင်အသုံးပြုစိုက်ပျိုးခဲ့ကြပါကြောင်း၊ သီးနှံပုံစံ (Cropping Pattern)ကို ရှေ့သို့တိုးပြီး ယခင်ကထက်အချိန်စောပြီး စိုက်ပျိုးဆောင်ရွက်နိုင်ရန်အတွက် မြေအောက်ရေကို စိုက်ပျိုးရေအဖြစ်ရယူပြီး စိုက်ပျိုးကာ မိုးရေကို သီးနှံအောင်မြင်ရေးအတွက် အောင်ရေအဖြစ် ဆက်လက်အသုံးပြုသွားမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်သဖြင့် စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့် ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်သည့်နိုင်ငံဖြစ်ခြင်းကြောင့်အလေးထားမှာကြားရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနှင့်ဆက်နွယ်သည့် ကော်မတီ၏လုပ်ငန်းတာဝန်များကိုအောင်မြင်စွာဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်ကော်မတီဝင်များအားလုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးနှင့် ညှိနှိုင်းပူးပေါင်းဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# မြဝတီရုပ်မြင်သံကြား၏ (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၅ - ၄ - ၂၀၂၃ )



၁၉၉၅ ခုနှစ်၊ မတ် ၂၇ ရက်၊ နှစ်(၅၀) ပြည့် ရွှေရတု တပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဧပြီလ ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

**လှိုက်လှဲနွေးထွေးစွာ ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ရောက်ရှိကြရာ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူး ရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် အဖွဲ့ဝင် များ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများ က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို စတင်ကျင်းပရာ မြဝတီ ရုပ်မြင်သံကြားမှဝန်ထမ်းများက“**အားလုံးအတွက်မြဝတီ**” တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများဖြစ်ပေါ်လာမှု သမိုင်း ကြောင်းနောက်ခံ၊ ရည်မှန်းချက်တာဝန်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် Documentary ဗီဒီယိုကို ပြသသည်။

အဆိုပါ မြဝတီရုပ်မြင်သံကြား၏ (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နေထိုင်ရာ လူ့ပတ်ဝန်းကျင်သည် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ လူ့ပတ်ဝန်းကျင်အသိုင်းအဝန်းအတွင်း သတင်းအချက်အလက်များသိရှိအောင် ပြုလုပ်ပေးနိုင်ခြင်းသည် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများသည် အများပြည်သူနှင့်ဆက်ဆံရေး၊ မိမိပတ်ဝန်းကျင်အသိုက်အဝန်းနှင့်ဆက်ဆံရေး အစရှိသည့် ဆက်ဆံရေးအမျိုးမျိုးပါဝင်ကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ၌လည်း ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနယ်ပယ်များအနက် မီဒီယာဆက်ဆံရေးကို တွင်ကျယ်စွာအသုံးချဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး ၃ ခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီးပါကြောင်း၊ မီဒီယာသည် မဏ္ဍိုင်ကြီး ၃ ခုကို မယိမ်းမယိုင်စေရေး တည့်မတ်ပေးသည့်မဏ္ဍိုင်တစ်ခုပင်ဖြစ်ပါကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင် ပြည်သူများ၏အသံကို ပီပြင်အောင်ပြုလုပ်နိုင်သည့်အရာသည် မီဒီယာဖြစ်သကဲ့သို့အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိလာအောင်ဆောင်ရွက်ရာတွင်လည်း မီဒီယာသည် အဓိကပင်ဖြစ်ပါကြောင်း၊ တပ်မတော်နှင့်ပြည်သူတစ်သားတည်းရှိစေပြီး စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် ၁၉၄၇ ခုနှစ်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကို **“ပညာရေးဌာနစု”** အဖြစ်စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် အမည်အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ထိုမှတစ်ဆင့် **“ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး”** အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ပြည်သူနှင့်တပ်မတော် တစ်သားတည်းဖြစ်ရေးအတွက် **“ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်”** ဟူသည့် ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရေး တပ်မတော်မီဒီယာတစ်ခုဖြစ်သည့် မြဝတီရုပ်မြင်သံကြားကိုနှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့ဆိုပါက ငွေရတုကာလလွန်မြောက်ပြီး (၂၈) နှစ်တာခရီးသို့ပင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြဝတီရုပ်မြင်သံကြားသည်ပြည်သူများကိုမှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်ရစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် အမျိုးသားရေးအမြင်ဖြင့် အစဉ်ကြိုးပမ်းထုတ်လွှင့်လျက်ရှိပါကြောင်း၊ တပ်မတော်၏ ပဓာနကျသည့်၊ သွက်လက်ထက်မြက်သည့် မီဒီယာတစ်ခုအဖြစ်လည်းရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေနှင့် ပြန်ကြားပေးရန်တာဝန်ကို ထမ်းဆောင်ရာတွင် စတင်ထုတ်လွှင့်ခဲ့ချိန်မှ ယနေ့ကာလအထိတပ်မတော်သားမိသားစုဝင်များကိုသာမက ပြည်သူလူထုအတွက် သိသင့်သိထိုက်သည့်၊ လူအများသိရှိရန်လိုအပ်သည့် မူဝါဒ၊ သတင်းအချက်အလက်စသည်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ပညာပေးရေးတာဝန်အနေဖြင့် ပြည်သူလူထုကို တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် တာဝန်ဖြစ်ပြီး အသိပညာပေးရေးတာဝန်၊ ဉာဏ်ပညာဗဟုသုတ

**ရုပ်မြင်သံကြားဟူသည်မှာ သုတ၊ ရသဖြစ်ဖွယ် သတင်းအချက်အလက်များ၊ အကြောင်းအရာများကို အရုပ်၊ အသံနှင့် ထုတ်လွှင့်ပြသနေခြင်းဖြစ်ပြီး ကြည့်ရှုသူပရိသတ်များ၏စိတ်ကို ဖမ်းစားနိုင်စွမ်းရှိသည့် မီဒီယာပလက်ဖောင်းတစ်ခုဖြစ်၊ ရေဒီယိုအသံလွှင့်ခြင်းသည် အသံကို အဓိကထားခြင်းဖြစ်ပြီး ရုပ်မြင်သံကြားသည် အရုပ်ရောအသံပါ အားပြုလုပ်ဆောင်ရသည်ဖြစ်၊ ထို့ကြောင့် ပိုမို၍ ဂရုစိုက်ကြရန်လို။**

ပေးရေးတာဝန် စသည်များကို တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း၊ ဖျော်ဖြေရေးတာဝန် ထမ်းဆောင်ပေးမှုအနေဖြင့် ပြည်သူများအပန်းပြေစေရန် အနုပညာအရုပ်ရုပ်၊ တေးဂီတအဖုံဖုံ၊ အကအခုန် အဆိုအတီး ကဏ္ဍအစုံအလင်ဖြင့် ဖျော်ဖြေမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

စည်းရုံးရန်ဆိုရာတွင် ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ်၌ ယုံကြည်ချက်၊ ခံယူချက်ခိုင်မာပြီး စည်းလုံးညီညွတ်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းရုံးရေး၏သဘောဆိုသည်မှာ မိမိ၏ပြောစကားကို တစ်ဖက်လူက ၎င်း၏ဆန္ဒအလျောက်လိုက်ပါလုပ်ဆောင်နိုင်အောင် ပြောဆိုခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးအပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် အမှတ် (၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (နေပြည်တော်)ကို ၂၀၀၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် မိမိကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှ ယနေ့အထိ တပ်မတော်နှင့်ပြည်သူကို အကောင်းဆုံး ပေါင်းကူးပေးနိုင်ခဲ့ကြောင်း။

မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်ချိန်တွင် Analog စနစ်နှင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်ကာလနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး Analog စနစ်မှသည် Digital စနစ်၊ Standard Definition(SD)စနစ် ကူးပြောင်းခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့မှစတင်ကာ High Definition(HD) စနစ်သို့ ပြောင်းလဲထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းတိုင်းတွင် အခြားသောမီဒီယာလုပ်ငန်းများထက်ပိုပြီး အသေးစိတ်ဆောင်ရွက်ရသည်များရှိပါကြောင်း၊ အစီအစဉ်တစ်ခုဖြစ်လာရေး တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်၍မရဘဲ လူသားအရင်းအမြစ်စွမ်းအား၊ အနုပညာနှင့်အတတ်ပညာကို အံဝင်ခွင်ကျ ပေါင်းစပ်လုပ်ကိုင်ရသည့် သဘောရှိသောကြောင့်ဟန်ချက်ညီစွာဆောင်ရွက်နိုင်ကြမှသာ ပြည်သူလူထုနှစ်သက်သဘောကျသည့် ရုပ်မြင်သံကြားအစီအစဉ်ကောင်းတစ်ခုဖြစ်လာမည်ပင်ဖြစ်ပါကြောင်း။

မြဝတီရုပ်မြင်သံကြားအနေဖြင့်တစ်ခေတ်ပြီးတစ်ခေတ်တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုစွမ်းရည်ပြည့်ဝသည့် မီဒီယာကြီးတစ်ခုဖြစ်လာခဲ့ခြင်းသည် ဝန်ထမ်းအားလုံးနှင့် တာဝန်ရှိသူအဆင့်ဆင့်၏ စုပေါင်းကြိုးစားမှုများကြောင့်သာ ဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားဟူသည်မှာ သုတ၊ ရသဖြစ်ဖွယ်သတင်းအချက်အလက်များ၊ အကြောင်းအရာများကို အရုပ်၊ အသံနှင့် ထုတ်လွှင့်ပြသနေခြင်းဖြစ်ပြီး ကြည့်ရှုသူပရိသတ်များ၏စိတ်ကို ဖမ်းစားနိုင်စွမ်းရှိသည့် မီဒီယာပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ရေဒီယိုအသံလွှင့်ခြင်းသည် အသံကို အဓိကထားခြင်းဖြစ်ပြီး ရုပ်မြင်သံကြားသည် အရုပ်ရောအသံပါ အားပြုလုပ်ဆောင်ရသည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပိုမို၍ ဂရုစိုက်ကြရန်လိုပါကြောင်း၊ အသံအနေအထား၊ အမူအရာ၊ ဝတ်စားဆင်ယင်မှု၊ ရုပ်သွင်ပြင်လက္ခဏာကအစ အသေးစိတ်ဂရုပြု၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူများ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်း၊ တက်ကြွလာအောင် Motivation လုပ်နိုင်စွမ်းသည်လည်း မြင့်မားကြောင်း၊ ပြည်သူအပေါ်အသိပညာ ဗဟုသုတပေးနိုင်ရေး၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များလမ်းမှားမရောက်စေရေး၊ ပညာတတ်သား

**နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူထားရသည့်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ကျင့်ဝတ်မဲ့မီဒီယာမျိုးစုံက နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေသည်ကို အားလုံးတွေ့ရှိကြရမည်ဖြစ်၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ချိန်မှ ယနေ့ထိတိုင် အမျိုးသားအကျိုး စီးပွားကိုရှေးရှုသည့် ဆောင်ရွက်ချက်များကို နေ့စဉ်ထုတ် သတင်းစာများနှင့် မြဝတီရုပ်မြင်သံကြား အပြင် နိုင်ငံတော်ပိုင်သတင်းဌာနကြီးများကပါ ဖော်ပြပေးလျက်ရှိ။**

ကောင်းရတနာများ ဖြစ်လာစေရေးသည် မိဘ၊ ဆရာများအပေါ်၌လည်း တာဝန်ရှိသကဲ့သို့ ရုပ်သံမှစဉ်ဆက်မပြတ် အသိပညာ၊ ဗဟုသုတများဖြန့်ဝေပေးခြင်းအပေါ်၌လည်း များစွာမူတည်နေပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံများနှင့် ထုတ်လွှင့်ရမည်ဖြစ်သကဲ့သို့ လူမှုရေးဦးတည်ချက် ၄ ရပ်ထဲတွင်ပါသည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ဟူသည့် အချက်နှင့်အညီ ထုတ်လွှင့်ပြသကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

မြဝတီရုပ်မြင်သံကြားအနေဖြင့် ၂၀၁၃ ခုနှစ်က မိမိတို့နိုင်ငံ၌ အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ (၂၃) ကြိမ်မြောက် အာဆီယံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲများအပြင် ယနေ့အချိန်၌ "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ခြင်းဆိုင်ရာ အခမ်းအနားကျင်းပပုံများကိုပါ ရိုက်ကူးထုတ်လွှင့်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းဝင်ဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း၊ သတင်းစာ၊ ရုပ်မြင်သံကြားမှ ပြည်သူလူထုအတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာဖွယ်ရာများကို တင်ဆက်ပေးနိုင်ခဲ့သောကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားသည် ယနေ့ဆိုပါက နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၃၅ မြို့၌ ဒစ်ဂျစ်တယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ပေါင်း ၁၄၅ မြို့၌ မြဝတီရုပ်မြင်သံကြား ဒစ်ဂျစ်တယ်လိုင်းများကို ကောင်းမွန်စွာကြည့်ရှုနိုင်စေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူထားရသည့်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ကျင့်ဝတ်မဲ့မီဒီယာမျိုးစုံက နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေသည်ကို အားလုံးတွေ့ရှိကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ချိန်မှ ယနေ့ထိတိုင် အမျိုးသားအကျိုးစီးပွားကိုရှေးရှုသည့် ဆောင်ရွက်ချက်များကို နေ့စဉ်ထုတ်သတင်းစာများနှင့် မြဝတီရုပ်မြင်သံကြားအပြင် နိုင်ငံတော်ပိုင်သတင်းဌာနကြီးများကပါ ဖော်ပြပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏စစ်မှန်သည့် အမျိုးသားရေးစိတ်ဓာတ်အပြည့်နှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးဘာသာ သာသနာအကျိုးသယ်ပိုးမှုများ၊ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းချက်များကို မြဝတီ Media Group ဖြစ်သည့် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုအသံလွှင့်ဌာနအသီးသီးကို ကြည့်ရှုသူတိုင်း တွေ့မြင်ကြားသိကြမည်ဖြစ်ကြောင်း။

ယနေ့ ၂၁ ရာစုတွင် သတင်းစီးဆင်းမှုနှုန်းသည် မြန်ဆန်သောကြောင့် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ထွန်းမှုနောက်ကို မီဒီယာအားကောင်းကောင်းနှင့် လိုက်ပါနိုင်စွမ်းရှိရန်လိုအပ်ကြောင်း၊ အချို့သတင်းမီဒီယာများသည် တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုစသည့် မီဒီယာကျင့်ဝတ်များကို လိုက်နာမှုမရှိ ကျင့်ဝတ်နှင့်မညီညွတ်စွာ သတင်းများဖော်ပြနေသည်ကိုတွေ့ရပါကြောင်း၊ တပ်မတော်၏ပုံရိပ်နှင့် ပြည်သူ့ဆက်ဆံရေးကို ထိခိုက်ကျဆင်းအောင် ပုံဖော်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများအပေါ် နိုင်ငံပိုင်မီဒီယာများ၊ တပ်မတော်မီဒီယာများက သတင်းမှန်များနှင့် တုံ့ပြန်လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ သမာသမတ်ကျသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ၏ "အား"ကိုလည်း ရယူနိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေး

လုပ်ငန်းများတွင် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်၊ နှိုးဆော်ချက်မပါရှိဘဲ သမိုင်းစဉ်ဆက် နိုင်ငံအကျိုး၊ ပြည်သူအကျိုးကိုသာ မျှော်ရည်မှန်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စတုတ္ထမဏ္ဍိုင်တာဝန်ထမ်းဆောင်လျက်ရှိသည့် မြဝတီရုပ်မြင်သံကြားသည်လည်း ပေးအပ်လာသည့် လုပ်ငန်းတာဝန်ဝတ္တရားတို့အပေါ် ခေတ်အဆက်ဆက်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို တွေ့မြင်ရပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့်အစဉ်အလာနှင့် သမိုင်းကြောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

မိမိတို့တပ်မတော်၏ မီဒီယာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့် မြဝတီရုပ်မြင်သံကြား၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် သဇင်အသံလွှင့်ဌာနတို့သည် တိကျခိုင်မာသည့် သတင်းမှန်များအပေါ် မှန်ကန်မြန်ဆန်စွာ တင်ပြနိုင်ရန် လိုသကဲ့သို့ သတင်းမီဒီယာကျင့်ဝတ်ကို အလေးထားသည့် မီဒီယာများဖြစ်စေရေးဆောင်ရွက်သွားကြမည်၊ ပြောင်းလဲတိုးတက်နေသည့် မီဒီယာလုပ်ငန်းစဉ်များအပေါ် ခေတ်နှင့်အညီ တီထွင်ကြံဆဖန်တီးနိုင်သူများဖြစ်စေရေးအတွက်လည်း ကြိုးစားသွားကြရမည်၊ မြဝတီရုပ်မြင်သံကြား၏ **"ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်"** ဟူသည့် ရည်မှန်းချက်များနှင့်အညီ တပ်မတော်နှင့်ပြည်သူကို ဆက်လက်ပေါင်းကူးပေးပြီး တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်ကအားထားရပြီး ပြည်သူကအားကိုးယုံကြည်ရသည့် မီဒီယာတစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရမည်၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် နောင်နှစ်ကာလပေါင်းများစွာတိုင်အောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးတို့ကို ယခုထက် တာဝန်ကျေပွန်စွာ သယ်ပိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၇ - ၄ - ၂၀၂၃ )







မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ်အစည်းအဝေးကို ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၊ လာအိုနိုင်ငံဝန်ကြီးချုပ်ဆုံဆိုင်းဆီဖန်ဒုံ နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ထိုင်းနိုင်ငံဝန်ကြီးချုပ်ပရာယုဒ်ချန်အိုချာ၏ ဆွေးနွေးချက်**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာထိုင်းနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့အချင်းချင်း ယုံကြည်မှု၊ နားလည်မှုများဖြင့် ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကိုဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်း၊ ယခုကိစ္စသည် သုံးနိုင်ငံရှိပြည်သူများ၏ လူမှုရေးနှင့်စီးပွားရေးကဏ္ဍများကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်တွဲဖြေရှင်းရမည်ဖြစ်ပြီး အကောင်းဆုံးဖြေရှင်းနိုင်ရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းအချက်အလက်များကို မျှဝေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဖြေရှင်းဆောင်ရွက်ခြင်းသည် မိမိတို့ပြည်သူများအတွက် ဆောင်ရွက်သည့်အစည်းအဝေးတစ်ခုပင်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ၊ သယံဇာတဝန်ကြီးဌာန၊ လေထုညစ်ညမ်းမှုထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အနေဖြင့် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုပြဿနာကို ရင်ဆိုင်နေရမှုအခြေအနေများ၊ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လာအိုနိုင်ငံဝန်ကြီးချုပ်ဆုံဆိုင်းဆီဖန်ဒုံ၏ ဆွေးနွေးချက်**

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် လက်ရှိမိမိတို့သုံးနိုင်ငံ ရင်ဆိုင်နေရသည့် လေထုညစ်ညမ်းမှုသည် ဘုံဖြေရှင်းရမည့်ကိစ္စရပ်တစ်ခုပင်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရည်မှန်းချက်ထားပြီး ကာကွယ်တားဆီးရေးကိစ္စရပ်များကိုဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းသည့်နေရာများတွင် သတိပေးဆိုင်းဘုတ်များကပ်ခြင်း၊ တောမီးလောင်ကျွမ်းမှုများကို ပျံ့နှံ့မှု

မရှိအောင်လည်း တားဆီးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရာသီဥတုလေ့လာခြင်းနှင့် ကျန်ရှိသည့် လိုအပ်သည့်ကိစ္စရပ်များကိုလည်း တားဆီးကာကွယ်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အတွေ့အကြုံများအပေါ် မူတည်ပြီးလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၃၀ အာဆီယံ၏ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးသဘောတူညီချက်အရ မိမိတို့အနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအကူအညီများဖြင့် ဖြစ်နိုင်သမျှ အခြေအနေ စီမံကိန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လေထုညစ်ညမ်းမှုကို တိုင်းတာသည့် ကိစ္စရပ်များကိုဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းအချက်အလက်မျှဝေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုများကိုလည်း တားဆီးကာကွယ်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် တောမီးလောင်ကျွမ်းမှုနှင့် လေထုညစ်ညမ်းမှုများကို ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေရှည်အတွက် ကြိုတင်မျှော်တွေးပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လာအိုနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ လေထုညစ်ညမ်းမှုကာကွယ်ရေးသဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးသည် မိမိတို့ ၃ နိုင်ငံကြား ကြုံတွေ့နေရသည့် လေထုညစ်ညမ်းမှုပြဿနာသည် ပထမဆုံးအစည်းအဝေးဖြစ်ကြောင်း ပြောကြားသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဆွေးနွေးချက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကပြောကြားရာတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းပြီးကျင်းပသည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ်ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စားအမှာစကားပြောကြားခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ဒေသတွင်းဖြစ်ပေါ်နေသည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်နေမှုများအပေါ် ပြဿနာဖြေရှင်းနိုင်ရေးနည်းလမ်းများ ရှာဖွေနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ပေးခြင်းအတွက် ထိုင်းနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံဒေသအတွင်း ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့၌ မကြာခဏဖြစ်ပေါ်လေ့ရှိသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မဲခေါင်ဒေသခွဲနိုင်ငံများတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ခဲ့သည့် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများသည် ပိုမိုများပြားလာပါကြောင်း။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်ကစပြီး မြန်မာနိုင်ငံအရှေ့ပိုင်းနယ်စပ်ဒေသများနှင့်ထိစပ်နေသည့် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အဆိုပါကာလများတွင်လည်း မြန်မာနိုင်ငံအတွင်း ရာသီဥတုပူပြင်းမှုကြောင့် နိုင်ငံအရှေ့ပိုင်းတစ်ခြမ်းလုံးတွင် တောမီးလောင်ကျွမ်းမှု ပိုမိုများပြားခဲ့ပါကြောင်း၊ ASEAN Specialized Meteorological Centre (ASMC) မှ ရရှိသောအချက်အလက်များအရလည်း မီးခိုးမြူငွေ့သိပ်သည်းစွာဖြစ်ပေါ်မှုသည် ၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်တွင် မြန်မာနိုင်ငံအရှေ့ပိုင်း၌ အနည်းငယ်ဖြစ်ပေါ်ပြီး ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် ပိုမိုဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊

၂၀၂၃ ခုနှစ်၊ ဧပြီ ၂ ရက်တွင် မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းတို့တွင် အနည်းငယ်သာဖြစ်ပေါ်ပြီး လာအိုနိုင်ငံတောင်ပိုင်းတွင် ပိုမိုဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဧပြီ ၃ ရက်တွင် မီးခိုးမြူငွေ့သိပ်သည်းမှုလျော့ပါးပြီး လာအိုနိုင်ငံတောင်ပိုင်းတွင် သိပ်သည်းသော မီးခိုးမြူငွေ့ဖြစ်ပေါ်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဧပြီ ၄ ရက်တွင် မြန်မာနိုင်ငံအရှေ့ဖျား၊ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုမှာ သိပ်သည်းစွာဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ASEAN Specialized Meteorological Centre (ASMC)က ခန့်မှန်းထားချက်အရ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုအခြေအနေသည် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ယခုနှစ်မေလခန့်အထိဖြစ်ပေါ်ပြီး မီးလောင်ကျွမ်းမှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟုသိရှိရပါကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုး

မြူခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ASMC မှရရှိသော Fire Hotspot အချက်အလက်များကို နေ့စဉ်စောင့်ကြည့်ပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ပေးပို့၍ Fire Hotspot လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာ၊ ထိုင်း၊ လာအိုနှင့် နယ်စပ်ဖြစ်သည့် ရှမ်းပြည်နယ်တွင် Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံဧရိယာများအလိုက် နှိုင်းယှဉ်လေ့လာပါက ၂၀၂၂ ခုနှစ်တွင် ၁၀၀၀ စတုရန်းကီလိုမီတာတွင် Fire Hotspot အရေအတွက်မှာ မြန်မာနိုင်ငံအနေဖြင့် ၅၆ ခုခန့် ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး လာအိုနိုင်ငံအနေဖြင့် ၁၇၁ ခုခန့်၊ ထိုင်းနိုင်ငံအနေဖြင့် ၁၁ ခုခန့်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၂၃ ခုနှစ်၊ မတ်လတွင် ၁၀၀၀ စတုရန်းကီလိုမီတာတွင် Fire Hotspot အရေအတွက် မြန်မာနိုင်ငံအနေဖြင့် ၃၂ ခုခန့် လာအိုနိုင်ငံအနေဖြင့် ၁၁၇ ခုခန့်နှင့် ထိုင်းနိုင်ငံအနေဖြင့် ၉ ခုခန့် ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ (၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးတွင် မီးလောင်နိုင်ချေရှိသောနေရာများအရေအတွက် ၁၆၇၅၀၀ အား အခြေခံအဖြစ်သတ်မှတ်ပြီး ၂၀၂၂ ခုနှစ်တွင် အရေအတွက် ၂၀ ရာခိုင်နှုန်းလျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံမှ အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် Fire Hotspot အရေအတွက် ၅၆၄၁၉ ခုနှင့်နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် ၃၇၉၇၇ ခု ဖြစ်သဖြင့် ၃၃ ရာခိုင်နှုန်းလျှော့ချနိုင်သည်ကိုတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် Fire Hotspot လျှော့ချရေးနှင့် မီးခိုးမြူငွေ့ထိန်းချုပ်ရေးအတွက် နိုင်ငံအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းထားရှိပြီး လုပ်ငန်းအစီအမံများရေးဆွဲလျက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောမီးနှင့်နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများကို ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ လက်ရှိအချိန်တွင်မြေပြင်အခြေအနေနှင့်ကိုက်ညီသည့် မီးလောင်ကျွမ်းမှုအချက်အလက်များရရှိနိုင်ရေးနှင့် လေထုအရည်အသွေးစောင့်ကြည့်တိုင်းတာရေးကိရိယာများ တည်ထောင်နိုင်ရေးအပါအဝင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့်မီးများကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါအချက်ကြောင့် မိမိတို့အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်လည်း "မြန်မာနိုင်ငံတွင် လေထုအတွင်း PM2.5 ပါဝင်မှုလျှော့ချနိုင်ရေးအတွက် လေထုအရည်အသွေးစီမံခန့်ခွဲမှုမြှင့်တင်ခြင်းဆိုင်ရာစီမံကိန်း"ကို မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ထိုင်းနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် ASMC မှရရှိသော Fire Hotspot အချက်အလက်များကို နေ့စဉ်စောင့်ကြည့်ပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ပေးပို့၍ Fire Hotspot လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ အထူးသဖြင့် မြန်မာ၊ ထိုင်း၊ လာအိုနှင့် နယ်စပ်ဖြစ်သည့် ရှမ်းပြည်နယ်တွင် Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိ။**

နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ (Roadmap on ASEAN Cooperation towards Transboundary Haze pollution Control) ကို ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းလမ်းပြမြေပုံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် မဟာဗျူဟာမြောက်မှုဘောင်တစ်ခုဖြစ်ပါကြောင်း၊ အနာဂတ်တွင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုကိုထိန်းချုပ်ရာ၌ ပူးပေါင်းစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည်မရှိမဖြစ်အရေးပါသည်ကိုလည်း အဓိကထားပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုတက်ကြွစွာမြှင့်တင်နိုင်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး Fire Hotspot အရေအတွက်လျှော့ချရေးနှင့် ASMC မှရရှိသော မီးလောင်နိုင်ချေရှိသောနေရာများနှင့်ပတ်သက်သည့် စာရင်းအင်းများကို မြေပြင်တွင်ကွင်းဆင်းဆန်းစစ်ခြင်း၊ ဖြစ်ပေါ်ရသည့်အကြောင်းအရင်းကို လေ့လာဆန်းစစ်ခြင်း၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ခြင်း၊ ငြိမ်းသတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ တောမီးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်နှင့် စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း၊ တောမီးလောင်မှုအန္တရာယ်လျော့နည်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ပြီး ထိုမှတစ်ဆင့် မိမိတို့နိုင်ငံများ၏ ဒေသအကျိုးဖြစ်ထွန်းမှုအတွက် အနာဂတ်ကာလတွင် အိမ်နီးချင်းနိုင်ငံများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

**နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာလမ်းပြမြေပုံ (Roadmap on ASEAN Cooperation towards Transboundary Haze pollution Control) ကို ချမှတ်ထားပြီးဖြစ်၊ ယင်းလမ်းပြမြေပုံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး အတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် မဟာဗျူဟာမြောက် မှုဘောင်တစ်ခုဖြစ်။**

### ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ထပ်မံဆွေးနွေးချက်

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်ကပြောကြားရာတွင် ယခုကိစ္စရပ်သည် အာဆီယံဒေသတွင်း မိမိတို့ရင်ဆိုင်နေရသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့်ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုများကြောင့် သုံးနိုင်ငံစလုံးရှိပြည်သူများ၏ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍများကို ထိခိုက်စေလျက်ရှိကြောင်း၊ ထိုသို့မဖြစ်ပေါ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပူးပြင်းသည့် ရာသီဥတုများရှိကြောင်း၊ လေထုညစ်ညမ်းမှုများကိုဖြေရှင်းနိုင်ရန်အတွက် အဆင့်ဆင့်သော အဖွဲ့အစည်းများဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုလေထုညစ်ညမ်းမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးနေရာများကိုမီးရှို့ခြင်း၊ စွန့်ပစ်ပစ္စည်းများကိုမီးရှို့ခြင်း စသည့်ကိစ္စရပ်များကို ပြည်သူလူထုအတွင်း အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လိုအပ်သည့်ကိစ္စရပ်များကိုဆောင်ရွက်ရာတွင် လေထုအတွင်း PM2.5 ပါဝင်မှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီးရှို့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများကို ဖြေရှင်းရန်အတွက် တစ်နိုင်ငံတည်းဆောင်ရွက်၍မရဘဲ လိုအပ်သည့်ပစ္စည်းကိရိယာများဖြင့် ရင်ဆိုင်ဖြေရှင်းသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဆင့်အားလုံးတွင် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ လေထုအတွင်း PM2.5 ပါဝင်မှုနှင့်ပတ်သက်၍လေ့လာပြီး ပူးပေါင်း

ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ မြန်မာ၊ လာအိုနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုများကြောင့် ပြည်သူများ၏ကျန်းမာရေးနှင့် အခြားသောကိစ္စရပ်များကိုရင်ဆိုင်ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုလျှော့ချရေးဆောင်ရွက်လျက်ရှိကြောင်း၊လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ ၃ နိုင်ငံအနေဖြင့် နယ်စပ်လေထုဖြတ်ကျော်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ချင်းယိုင်စီမံချက်အတိုင်းဆောင်ရွက်ရန်လိုကြောင်း။

စွန့်ပစ်ပစ္စည်းများမီးရှို့ပြီး အသေးစားဘိုင်အိုဂတ်စ်များထုတ်လုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကို အဝတ်အထည်ထုတ်လုပ်ခြင်းသည် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေကြောင်း၊ ယခုကဲ့သို့လေထုညစ်ညမ်းမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံအလိုက် ဥပဒေများ၊ တိုက်တွန်းဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံများအနေဖြင့် နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှုများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းမှုများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရင်ဆိုင်နေရသည့်စိန်ခေါ်မှုကို ကျော်လွှားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွက် ဆုမွန်တောင်း**

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်သူများအားလုံး ကျန်းမာပျော်ရွှင်ကြပြီး လုပ်ငန်းများအောင်မြင်ပါစေကြောင်း၊ လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် ပြည်သူများလည်း နှစ်သစ်ကူးအခါသမယတွင် ကျန်းမာပျော်ရွှင်ပြီးလုပ်ငန်းများအောင်မြင်ပါစေကြောင်း ဆုမွန်တောင်းစကားပြောကြားသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်အကြံပြုဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထပ်မံအကြံပြုပြောကြားရာတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဆွေးနွေးချက်များကို မိမိအနေဖြင့် လက်ခံပါကြောင်း၊ သုံးနိုင်ငံကြားခံစားနေရသည့် မီးခိုးနှင့် လေထုညစ်ညမ်းမှုများကို သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အဆိုပြုချက်နှစ်ခုကိုပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် မိမိတို့နိုင်ငံပြည်သူများ၏အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ကြောင်း၊ သုံးနိုင်ငံနယ်စပ်ဒေသတွင် စိုက်ပျိုးရေးဆောင်ရွက်ရာတွင် တောင်ယာစိုက်ပျိုးမှုများကိုလည်း လျှော့ချရန်လိုကြောင်း၊ အလားတူ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မြေဩဇာရရှိနိုင်ရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဒုတိယအချက်အနေဖြင့် စွန့်ပစ်ပစ္စည်းပြဿနာကလည်း ကြီးမားကြောင်း၊ နယ်စပ်ဒေသများတွင် ပိုမိုများပြားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်နှင့် နည်းပညာများအသုံးပြုဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှုကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ထိုင်းဝန်ကြီးချုပ်၏ပြောကြားချက်များကို လက်ခံသဘောတူညီပါကြောင်းနှင့် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလေထုညစ်ညမ်းမှုများကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မိမိတို့သုံးနိုင်ငံအနေဖြင့် အရှိန်အဟုန်ပြင်းပြင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံပြည်သူပြည်သူများအားလုံး ယခုကဲ့သို့ နှစ်သစ်ကူးသင်္ကြန်ကာလတွင် ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းစကားပြောကြားသည်။

■ ■ ■

# နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်း ယာယီရေထိန်းဆည်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆိုလာစနစ်သုံးရေတင်စနစ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံပြောကြားသည့်အမှာစကား

( ၈ - ၄ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီလ ၈ ရက်နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်း ယာယီရေထိန်းဆည်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆိုလာစနစ်သုံးရေတင်စနစ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဆင်သေချောင်း ယာယီရေထိန်းဆည်တည်ဆောက်ထားမှုနှင့်ဆိုလာရေတင်လုပ်ငန်းဆောင်ရွက်ပြီး ရေပေးဝေနေမှု၊ နိုင်ငံတစ်ဝန်းရေထိန်းဆည်များတည်ဆောက်၍ ဆိုလာစနစ်တွဲဖက်ပြီး ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေရရှိရေးဆောင်ရွက်လျက်ရှိမှုကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးတင်ဦးလွင်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးနှစ်တာကာလအတွင်း နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမှုပြောင်းလဲတိုးတက်လာမှုနှင့် ငါးနှစ်တာကာလအတွင်း ရေတင်၊ ရေသွင်းစိုက်ပျိုးမှုများ ပြောင်းလဲတိုးတက်လာမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေများ

လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေများလုံလောက်စွာရရှိမည်ဆိုပါက သီးထပ်စွမ်းအားများတိုးတက်ပြီး စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှိရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ယူချိန်နောက်ပိုင်းတွင် အဓိကအားဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေး၌ စားရေရိက္ခာဖူလုံခြင်းအပြင် တရားဥပဒေစိုးမိုးခြင်း၊ အသိပညာအတတ်ပညာပေါကြွယ်ဝခြင်းတို့ လည်းပါဝင်ကြောင်း၊ အဆိုပါအချက်များကို ပေါင်းစပ်ဆောင်ရွက်မှသာ တိုင်းပြည်သာယာဝပြောခြင်းအကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ မြို့ပေါ်တွင်နေထိုင်သူများမှအချို့မှာလည်း ဥယျာဉ်ခြံမြေလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားမှာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လူတစ်ဦးအနေဖြင့် စားသောက်နေထိုင်ရေးအတွက် အရေးကြီးလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စားရေးနှင့်ပတ်သက်၍ အခက်အခဲမဖြစ်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမြေများစွာရှိပြီး လယ်ဧကစုစုပေါင်း ၁၃ သန်း၊ ယာမြေဧက ငါးသိန်းကိုးသောင်းကျော်နှင့် တောင်ယာဧက သုံးသိန်းကျော်ရှိကြောင်း၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်နှင့် အခြားစိုက်ပျိုးမြေ ၁၄ သန်းရှိကြောင်း၊ အခြားမြေများတွင် စိုက်ပျိုးထားမှုမှာလည်း ခြောက်သိန်းလေးသောင်းကျော်ရှိကြောင်း၊ စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အကျိုးရှိထိရောက်စွာအသုံးချနိုင်မှုမရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှုနည်းပါးနေသေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ရေသည်အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

နေပြည်တော်တွင် မိုးရွာရက်များနည်းပါးလာမှုကြောင့် ဆည်များသို့ရေဝင်ရောက်မှုနည်းပါးလာကြောင်း၊ အလားတူရေသုံးစွဲမှုများကိုလည်း စနစ်တကျအသုံးမချဘဲ အဟောသိကံသုံးစွဲမှုများကြောင့် ရေများလျော့နည်းလာသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် နွေရာသီတွင် ရေလုံလောက်စွာရရှိရေးအတွက် အမြဲမပြတ် နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝမှရရှိသည့် မြစ်ချောင်းရေ၊ မိုးရေနှင့် ဆည်ရေ စသည့်သုံးမျိုးရှိကြောင်း၊ ရေကိုအသုံးချရာတွင်လည်း လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲရန်လိုကြောင်း၊ ရေအသုံးချမှုနှင့်ပတ်သက်၍လည်း ရုပ်မြင်သံကြားအစီအစဉ်များနှင့် အခြားနည်းလမ်းများဖြင့် ပြည်သူများ အသိရှိစေရေး ဖော်ပြရန်လိုကြောင်း၊ ရေအသုံးချမှုနှင့်ပတ်သက်၍ အစက်ချစနစ်၊ ရေပိုက်ဖြင့် သွယ်တန်းအသုံးပြုခြင်းစနစ်ဖြင့်အသုံးပြုမည်ဆိုပါက ရေသုံးစွဲမှုကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးသင်တန်းကျောင်းများတွင် ရေသုံးစွဲမှုဘာသာရပ်များကို သင်ကြားပို့ချရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

**ရေလိုအပ်ချက်ရှိ**

ရေရရှိရေး ဆောင်ရွက်ရာတွင် ခြောက်သွေ့သည့် နွေရာသီအချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေလိုအပ်ချက်ရှိကြောင်း၊ အဆိုပါလိုအပ်သည့် ရေများရရှိရေးအတွက် မြစ်ချောင်းများမှရယူခြင်း၊ ဆည်ရေများမှရယူခြင်းနှင့် မြေအောက်ရေမှ ရယူအသုံးပြုခြင်းများရှိကြောင်း၊ ရေတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နွေရာသီကာလဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုများကို များစွာလျှော့ချနိုင်သဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများကိုတာဝန်ပေးပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆိုလာစက်ရုံများထုတ်လုပ်နိုင်ရေး ဆောင်ရွက်

လျက်ရှိသကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

နေရောင်ခြည်စွမ်းအင်သုံး ရေတင်လုပ်ငန်းများကို အသုံးချပြီး သီးထပ်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့်အကျိုးအမြတ်များဖြင့် ဆိုလာစနစ်အသုံးပြုခြင်းအတွက် ကုန်ကျမှုများကို ပြန်လည်ရရှိလာစေမည်ဖြစ်ကြောင်း၊ ရေတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ချောင်းများနှင့် ရေမြောင်းများကို ယာယီရေထိန်းဆည်များဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ ချောင်းများ၏ဘေးဘက်များတွင် ရေဝေရေလဲဖြစ်စေမည့်သစ်ပင်များ စိုက်ပျိုးရန်လိုကြောင်း၊ တောမီးများရှို့ခြင်း၊ တောမီးလောင်ခြင်းနှင့် လယ်ယာများအတွင်း မီးရှို့ခြင်း၊ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းများကြောင့် လေထုညစ်ညမ်းမှုများကိုဖြစ်စေပြီး ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက် လယ်ယာထွက်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းထက် အခြားနည်းလမ်းများကိုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပတ်ဝန်းကျင်ကိုဖန်တီးရန်လိုကြောင်း၊ သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစေရေးထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးရရှိမှုမရှိသည့်ဒေသများတွင် ထင်းမီးများဖြင့် ချက်ပြုတ်ခြင်းကို ဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံ၏ သစ်တောပြုန်းတီးမှုမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရှစ်ရာခိုင်နှုန်းခန့်ကျဆင်းသွားကြောင်း၊ ထို့ကြောင့် ရေခန်းခြောက်မှုမရှိစေရန်အတွက် သစ်ပင်သစ်တောများကို ထိန်းသိမ်းထားရန်လိုကြောင်း။

**စနစ်တကျထိန်းသိမ်း**

မြေအောက်ရေသုံးစွဲမှုနှင့်ပတ်သက်၍လည်း ရေဝေရေလဲ သစ်တောသစ်ပင်များစိုက်ပျိုး၍ ရေကိုစနစ်တကျဖြင့် ထိန်းသိမ်းသုံးစွဲရန်လိုကြောင်း၊ မိုးရွာသွန်းသည့်အချိန်တွင် ရရှိသည့်ရေများကိုလည်း စနစ်တကျထိန်းသိမ်းသိုလှောင်ပြီးသုံးစွဲကြရန်လိုကြောင်း၊ ချောင်းခြောက်၊ မြောင်းခြောက်တို့တွင်လည်းရေကို ထိန်းသိမ်းသိုလှောင်သည့်နည်းဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက မြေအောက်ရေကိုရရှိနိုင်ကြောင်း၊ ရေကိုရရှိရန်အတွက် လူကဖန်တီးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေနှင့် သောက်သုံးရေများကို လုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ရေလုံလောက်စွာရရှိမည်ဆိုပါက သီးထပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တောင်သူများအနေဖြင့် ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သီးနှံများပိုမိုထွက်ရှိလာမည်ဆိုပါက တောင်သူများ ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ တိုင်းပြည်အတွက် စားရေရိက္ခာသည်လည်းတိုးတက်လာမည်ဖြစ်ပြီး ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်သဖြင့် နိုင်ငံဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သီးထပ်စွမ်းအားများ ကောင်းမွန်လာအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

**နေကြာစိုက်ပျိုးမှု တိုးတက်ရေး**

မိမိတို့နိုင်ငံတွင် စားသုံးဆီဖူလုံမှုမရှိခြင်းကြောင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ နိုင်ငံအတွင်း၌ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းဆီဖူလုံမှုမရှိကြောင်း၊ ထို့ကြောင့် ဆီဖူလုံမှုရှိစေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်

> **မိမိတို့နိုင်ငံတွင် နေကြာဆီစားသုံးမှုနည်းပါး၊ နေကြာကို ပြည်တွင်း၌ အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး အထွက်နှုန်းကောင်းမွန်သည်ကိုတွေ့ရ၊ ထို့ကြောင့် နေကြာစိုက်ပျိုးမှုတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို တာဝန်ပေးဆောင်ရွက်ထား၊ တပ်ကုန်းဒေသတွင် နေကြာစိုက်ပျိုးမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက နေပြည်တော်သည် ဆီအိုးကြီးတစ်ခုဖြစ်လာနိုင်။**

ရှိကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပိုမိုတိုးတက်လာစေရေးဆောင်ရွက်ရန်လိုကြောင်း၊ စနစ်တကျစိုက်ပျိုးမည်ဆိုပါက ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီလာမည်ဖြစ်ပြီး ဆီဖူလုံမှုများရှိလာမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နေကြာဆီစားသုံးမှုနည်းပါးကြောင်း၊ နေကြာကို ပြည်တွင်း၌အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး အထွက်နှုန်းကောင်းမွန်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် နေကြာစိုက်ပျိုးမှုတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို တာဝန်ပေးဆောင်ရွက်ထားကြောင်း၊ တပ်ကုန်းဒေသတွင် နေကြာစိုက်ပျိုးမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက နေပြည်တော်သည် ဆီအိုးကြီးတစ်ခုဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့်ရေရှိရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**သဘာဝမြေသြဇာများထုတ်လုပ်**

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် မျိုးကောင်းရန်၊ မြေသြဇာလုံလောက်စွာရရှိရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ အဆိုပါလေးချက်ကို စနစ်တကျဆောင်ရွက်နိုင်မည်ဆိုပါက ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီလာမည်ဖြစ်ကြောင်း၊ ရေနှင့်မြေကို အကျိုးရှိစွာအသုံးချစေလိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက တပ်ကုန်းဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံရှိ ဓာတ်မြေသြဇာစက်ရုံများကို ပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပမှဓာတ်မြေသြဇာတင်သွင်းမှုကိုလျှော့ချနိုင်ရန်အတွက် သဘာဝမြေသြဇာများထုတ်လုပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူခြင်းမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ်အသုံးချရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ဒွန်တွဲသည့်စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ အသားထုတ်လုပ်ခြင်းနှင့် နို့ထုတ်လုပ်ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ တပ်ကုန်းမြို့နယ်တွင်း မွေးမြူရေးဇုန်ရှိပြီးဖြစ်သဖြင့် မွေးမြူရေးကိုစံပြအဖြစ် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့်မွေးမြူရေးလုပ်ငန်း

**မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမြေများ လျော့နည်းမှုမရှိစေရေး ဆင်ခြင်ဆောင်ရွက် ကြရန်လို၊ ထို့ကြောင့် မြေပိုင်ဆိုင်သည့် တောင်သူများအနေဖြင့် မိမိတို့မြေကို တန်ဖိုးထားဆောင်ရွက်ကြစေလို၊ တာဝန်ရှိ သူများအနေဖြင့်လည်း မြေယာဥပဒေဖြင့် စနစ်တကျကိုင်တွယ်ကြပ်မတ်ရန်လို။**

များကိုအောင်မြင်အောင်ဆောင်ရွက်၍ မိမိတို့ဒေသအတွက် ဂုဏ်ယူကြစေလိုကြောင်း။

**မြေကိုတန်ဖိုးထား**

မြေနှင့်ပတ်သက်၍ စိုက်ပျိုးမြေများကို အခြားနည်းလမ်းများဖြင့် အသုံးပြုနေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမြေများလျော့နည်းမှုမရှိစေရေး ဆင်ခြင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် မြေပိုင်ဆိုင်သည့်တောင်သူများအနေဖြင့် မိမိတို့မြေကို တန်ဖိုးထားဆောင်ရွက်ကြစေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း မြေယာဥပဒေဖြင့် စနစ်တကျကိုင်တွယ်ကြပ်မတ်ရန်လိုကြောင်း၊ တပ်ကုန်းဒေသရှိစိုက်ပျိုးမွေးမြူရေးတောင်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းသည် အစိုးရအတွက်မဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ နည်းစနစ်တကျဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးက အသိရှိရှိဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စိုက်ပျိုးရေးတောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှားတောဆိုလာစနစ်ရေတင် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ဆိုလာရေတင်စနစ်သည် စိုက်ပျိုးရေလိုအပ်သည့်ဒေသများတွက် များစွာအကျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် ဆိုလာရေတင်စနစ်ကို တောင်သူများကျယ်ပြန့်စွာအသုံးပြုနိုင်ရေး သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂွေးပင်(စံပြ) ကျေးရွာ စနစ်တကျ လယ်ယာမြေ ၇၉ ဒသမ ၈၈ ဧကဖော်ထုတ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကေကွက်များကို ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကေကွက်များဖြင့် စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်များ ပိုမိုဝင်ဆံ့နိုင်သကဲ့သို့ သီးထပ်စွမ်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ခေတ်မီစက်ကိရိယာများဖြင့် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို လွယ်ကူလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း အဓိကအမာခံသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ပြောင်း၊ နေကြာစိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးတာဝန်ရှိသူများအနေဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး ထွက်ရှိလာသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည်ဖြစ်သဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား မြို့တော်ခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား

( ၉ - ၄ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီလ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်သစ်အခါသမယတွင် ကိုကိုးကျွန်းဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရန် နှုတ်ခွန်းဆက်သပါကြောင်း၊ မိမိအနေဖြင့် ၂၀၁၂ ခုနှစ်၊ မေ ၈ ရက်တွင် ကိုကိုးကျွန်းမြို့နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ပြီး ယခုအကြိမ်သည် ၁၉ ကြိမ်မြောက်ရောက်ရှိခြင်းဖြစ်ပါကြောင်း၊ ကိုကိုးကျွန်းဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အနေဖြင့် များစွာကူညီဆောင်ရွက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် ကိုကိုးကျွန်းဒေသသည် လွန်ခဲ့သည့် ၁၁ နှစ်တာကာလထက် အဆပေါင်းများစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရှိရသည့်အတွက် လည်းဝမ်းမြောက်မိပါကြောင်း။

## ပူးပေါင်းကြိုးပမ်းဆောင်ရွက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှင့် အစိုးရမှ တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံများအနေဖြင့်လည်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသသည် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်ဒေသတစ်ခုဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ထိုက်သင့်သလောက်မဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံရေးအစိုးရလက်ထက်တွင် ကိုကိုးကျွန်းဒေသ၌ အချင်းချင်းစည်းလုံးညီညွတ်မှုအားနည်းချက်

များရှိကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးသည်လည်း နှောင့်နှေးခဲ့ရကြောင်း။

မိမိအနေဖြင့် ကိုကိုးကျွန်းသို့ ပထမဆုံးအကြိမ်ရောက်ရှိသည့် အချိန်ကတည်းကပင်ကိုကိုးကျွန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ကူညီဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့တွင်လည်း ကပ္ပလီပင်လယ်ပြင် (Andaman Sea)နှင့် ဘင်္ဂလားပင်လယ်အော် (Bay of Bengal) ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာတွင် အောင်မြေအထိမ်းအမှတ်ကျောက်တိုင်ကိုစိုက်ထူခဲ့ကြောင်း၊ ယခုကဲ့သို့ ပင်လယ်နှစ်ခုဆုံမှတ်တည်နေရာအပါအဝင် ကိုကိုးကျွန်းဒေသသည် သဘာဝအလှအပများ များစွာတည်ရှိနေသည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေမှုများရှိကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအလှအပများကိုဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည့်အပြင် အုန်းပင်စိုက်ပျိုးမှုများနှင့် ကိုကိုးပင်စိုက်ပျိုးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကိုကိုးကျွန်းမြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ စမ်းသပ်စိုက်ပျိုးထားသည့် ကိုကိုးပင်များသည် နောင်နှစ်အနည်းငယ်အတွင်း အသီးအပွင့်အကျိုးရလဒ်များကိုခံစားနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်၏ အကျိုးစီးပွားအတွက်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကိုကိုးကျွန်းရှိဒေသခံများအတွက် အကျိုးစီးပွားကိုဖြစ်ပေါ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ နွားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မှသာလျှင် ဒေသနှင့်ဒေသခံများ ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သဖြင့် အားထည့်ဆောင်ရွက်ကြစေလိုကြောင်း။

ကိုကိုးကျွန်းဒေသ၌ ပညာရေးနှင့်ပတ်သက်၍လည်း အားနည်းမှုများရှိနေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အခြေခံပညာအဆင့်၌ သင်ကြားသင်ယူမှုများဆောင်ရွက်ရာတွင် ပို့ချသင်ကြားခြင်း(Teaching)ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် သင်ကြားသင်ယူမှုများဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း (Studying)ကို အဓိကထားဆောင်ရွက်ကြကြောင်း။

ထို့ကြောင့် ကျောင်းသားကျောင်းသူများ အတွေးအခေါ်ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာတတ်မြောက်စေရေး စနစ်တကျသင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းသားကျောင်းသူများ၏ အတွေးအခေါ်များကောင်းမွန်လာမည်ဆိုပါက ၎င်းတို့၏ဘဝကောင်းမွန်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စာဖတ်မှသာလျှင် ပညာတတ်မည်ဖြစ်သဖြင့် စာပေလေ့လာဖတ်ရှုခြင်းနှင့် စာဖတ်အားမြှင့်တင်ခြင်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့တပ်မတော်အတွင်းရှိ ကျောင်းသားကျောင်းသူများကိုလည်း နွေရာသီကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာအသုံးချနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဌာနဆိုင်ရာများအနေဖြင့် ဒေသတွင်းမှဝင်ရောက်အမှုထမ်းသူများနှင့် ပြင်ပဒေသများမှ လာရောက်တာဝန်ထမ်းဆောင်ရသူများရှိကြောင်း၊ ဒေသတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ ဗဟုသုတများအကျိုးရှိစွာအသုံးချ၍ ကိုကိုးကျွန်းဒေသ၏ ကောင်းရာကောင်းကျိုးများကိုထမ်းဆောင်ကြရန်လိုပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အကြံပြုချက်ကောင်းများကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အသိပညာများကိုမျှဝေပေးခြင်းသည် ကုသိုလ်ကောင်းမှုတစ်ခုကိုပြုလုပ်ခြင်းပင်ဖြစ်ကြောင်း၊ ကိုကိုးကျွန်းဒေသတွင် နေထိုင်ကြသည့် မိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံး နှစ်သစ်တွင် အောင်မြင်မှုများရရှိကြပါစေကြောင်း၊ ယခုထက်ပိုမိုအောင်မြင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက် ပိုမိုကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

■ ■ ■

# ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား

( ၉ - ၄ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီလ ၉ ရက် မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**အခြေခံကောင်းများကိုရရှိ**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့၏သားသမီးများကို နွေရာသီကျောင်းပိတ်ရက်ကာလအား အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဘင်ခရာသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းများကိုဖွင့်လှစ်သင်ကြားနေသည်ဟုသိရကြောင်း၊ ဗုဒ္ဓဘာသာအခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ်ခြင်းများ၊ ယခင်ပညာသင်နှစ်တွင် သင်ကြားခဲ့ရသည့်သင်ခန်းစာများကို ပြန်လည်ဖတ်မှတ်ခြင်းများကိုလည်း ပြုလုပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့၏သားသမီးများကို ကောင်းမွန်သည့် ပညာအမွေများပေးနိုင်ရမည်ဖြစ်ပြီး ငယ်စဉ်ကလေးဘဝမှစ၍ စနစ်တကျဖြင့်သွန်သင်ကြပ်မတ်နေရန်လိုကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းပညာရေးကို သင်ယူပြီး ကျောင်းတက်ရက်မှန်စေရေးနှင့် အခြေခံပညာများကို အမှန်တကယ်တတ်မြောက်စေရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ၎င်းတို့အတွက် ပညာရေးနှင့်ပတ်သက်၍ အခြေခံကောင်းများကို ရရှိသွားရမည်ဖြစ်ကြောင်း။

**ဆုမွန်ကောင်းတောင်း**

မြန်မာ့ရိုးရာအတာသင်္ကြန်ကာလကို ပျော်ပျော်ရွှင်ရွှင်ဖြင့်ဖြတ်သန်းကြစေလိုပြီး စည်းကမ်းစနစ်တကျဖြင့် ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းရန်လိုကြောင်း၊ မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သကဲ့သို့ မိမိတို့အပန်းဖြေနေထိုင်ရမည့် အားလပ်ရက်များကိုလည်း ပျော်ရွှင်စွာဖြင့် ဖြတ်သန်းကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသသည် ယခင်ကထက်များစွာ တိုးတက်ပြောင်းလဲလာသည်ကိုတွေ့ရှိရပြီး မိမိတို့အကြီးအကဲများက လိုအပ်သည်များဖြည့်ဆည်းပေးခြင်းထက် ဒေသခံများနှင့်အတူ နယ်မြေခံတပ်များ၏ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသ ယခုထက် ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံပြည်သူများနှင့်

စုစည်းညီညွတ်စွာဖြင့် ဒေသအကျိုး၊ ဒေသခံများ၏အကျိုးစီးပွားကို ယခုထက်ပိုမိုဖော်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန်လိုကြောင်း၊ နှစ်သစ်အခါသမယတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အောင်မြင်မှုများဆတက်ထမ်းပိုးရရှိနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းတပ်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ စမ်းသပ်စိုက်ပျိုးထားသည့် ကိုကိုးစိုက်ခြံအမှတ်(၁) ၁ ဒသမ ၆၆ ဧကနှင့် စိုက်ခြံအမှတ်(၂) ၃ ဒသမ ၃၄ ဧကတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူ များ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးပင်များကို ထားဝယ်ဒေသတွင် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးလျက်ရှိသည်ကိုတွေ့ရပြီး ရေခံမြေခံသဘောတူညီသည့် ကိုကိုးကျွန်းတွင်လည်း အောင်မြင်စွာစိုက်ပျိုးနိုင်မည့်အခြေအနေများရှိကြောင်း၊ ကိုကိုးစေ့ကိုချောကလက်ပြုလုပ်ရာတွင်အဓိကအသုံးပြုပြီး ကျန်းမာရေးဆိုင်ရာကောင်းကျိုးများ အများအပြားကိုလည်း ပေးစွမ်းနိုင်ကာ ဈေးကွက်လိုအပ်ချက်များစွာရှိကြောင်း၊ ကိုကိုးပင်ကို ဒေသတွင်း၌ အောင်မြင်ဖြစ်ထွန်းစွာစိုက်ပျိုးနိုင်ပါကဒေသဖွံ့ဖြိုးတိုးတက်မှုများကိုလည်းများစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များမှာကြားသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ၇ မိုင် လိပ်သားဖောက်စခန်းနှင့် နယ်မြေခံရေတပ်စခန်းဌာနချုပ် လိပ်မွေးမြူရေးစခန်းတို့သို့ ရောက်ရှိကြပြီး လိပ်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသအတွင်း ပင်လယ်လိပ်များ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် သုံးနှစ်သားအရွယ်ရှိ ပင်လယ်လိပ်ကြီးနှစ်ကောင်ကို မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်အကြိုကာလ ဇီဝိတဒါနအဖြစ် ပင်လယ်အတွင်းသို့ကုသိုလ်ပြုလွှတ်ပေးကြသည်။ အလားတူနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် ဇနီးများသည်လည်း ပင်လယ်လိပ်များကို ဇီဝိတဒါနအဖြစ် ပင်လယ်အတွင်းသို့ လွှတ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ်၊ ဒေသန္တရမွေးမြူရေးခြံသို့ရောက်ရှိကြပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ကိုကိုးကျွန်းဒေသ၏ အသားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒေသန္တရမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် တိုးချဲ့မွေးမြူသွားရန်၊ အစာကျွေးမွေးမှုများစနစ်တကျရှိရန်တို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

■ ■ ■

# သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၁၁ - ၄ - ၂၀၂၃ )




သိန္နီစော်ဘွားကြီးခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ) ကို အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအနားကို ဧပြီလ ၁၁ ရက် နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးအောင်သော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ရိုးရာအိုးစည်အကဖြင့် လှိုက်လှဲစွာကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည်တည်ဆောက်ထားသည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် သိန္နီဟော်နန်း ယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူလူထုအပေါင်းကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်းနှင့် အားလုံးကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

သိန္နီမြို့နယ်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်းအပါအဝင် ရှမ်းပြည်နယ်သည် ပြည်ထောင်စုကြီး၏ တိုင်းနှင့်ပြည်နယ်(၁၄)ခုအနက် အကြီးမားအကျယ်ပြန့်ဆုံးသောပြည်နယ်ကြီးတစ်ခုဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်း

စုံလင်စွာ မှီတင်းနေထိုင်ကြသည့် ထူးခြားသောဝိသေသများရှိသည့် ပြည်နယ်ကြီးတစ်ခုလည်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်၏ဖြစ်စဉ်သမိုင်းကြောင်းကို အနည်းငယ်ပြန်ပြောင်းပြောရမည်ဆိုပါက ရှေးမြန်မာမင်းများအဆက်ဆက်ကတည်းက ရှမ်းတောင်တန်းဒေသရှိ ပဒေသရာဇ်စော်ဘွားများသည် မြန်မာမင်းများ၏သစ္စာတော်ကိုစောင့်သိနာခံ၍ နိုင်ငံတော်၏အကျိုးနှင့် နိုင်ငံတော်ကာကွယ်ရေးကိစ္စရပ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာဓကများရှိခဲ့ပါကြောင်း။

ကုန်းဘောင်ခေတ်ဦးပိုင်း ဆင်ဖြူရှင်မြေဒူးမင်း(သီရိဓမ္မရာဇာ)လက်ထက် တရုတ်တပ်များက သက္ကရာဇ် ၁၁၂၇ တွင် ကျိုင်းတုံကိုလည်းကောင်း၊ ၁၁၂၈ တွင် ဗန်းမော်ကိုလည်းကောင်း၊ ၁၁၂၉ တွင်သိန္နီကိုလည်းကောင်း လာရောက်ထိပါးတိုက်ခိုက်ရာတွင် မြန်မာဘုရင်တပ်များနှင့် ရှမ်းစော်ဘွားတပ်များပူးပေါင်း၍ အောင်မြင်စွာတွန်းလှန်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နယ်ချဲ့အင်္ဂလိပ်တို့၏မတရားကျူးကျော်စစ်များကို ရှမ်းစော်ဘွားကြီးများကမိမိတို့၏နယ်သူနယ်သားများကို စည်းရုံးဦးဆောင်ပြီး ရရာလက်နက်စွဲကိုင်ကာ ဆန့်ကျင်တော်လှန်ခဲ့ကြသော ထင်ရှားသည့်သာဓကများရှိခဲ့ပါကြောင်း၊ သာဓကအားဖြင့် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်သည် အင်္ဂလိပ်နယ်ချဲ့တို့အားသူ့ကျွန်မခံဘဲ စွမ်းစွမ်းတမံဆန့်ကျင်တိုက်ခိုက်ခဲ့သည့် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်ကျင်းပသည့် သိန္နီဟော်နန်းဖွင့်ပွဲနှင့်အကြောင်းတိုက်ဆိုင်သဖြင့် မြောက်သိန္နီနယ်နှင့်ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ ယခင်ကာလ ရှမ်းပြည်နယ်မြောက်ပိုင်းတခွင်ကိုစီမံအုပ်ချုပ်သော နယ်ရှင်စော်ဘွားများသည် သိန္နီမြို့တွင်အခြေစိုက်ခဲ့ကြပါကြောင်း၊ ၁၉၁၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် မြောက်သိန္နီစော်ဘွားကြီး၏ ဟော်နန်းဆောင်သည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၄ ခုနှစ်၊ ဧပြီလတွင် ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ရပါကြောင်း၊ ကမ္ဘာ့သမိုင်းတွင် ဘုရင်စနစ်ကျင့်သုံးသည့်နိုင်ငံများ၊ မဟာရာဇာများအုပ်ချုပ်သည့်ပြည်နယ်များ၊ စော်ဘွားအုပ်ချုပ်သောနယ်များ စသည်ဖြင့်ရှိခဲ့ကြပြီး အချို့သောနိုင်ငံများသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့်နိုင်ငံများအဖြစ် ပြောင်းလဲလာခဲ့ကြပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ပြည်သူ့အုပ်ချုပ်ရေးဟုခေါ်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးပုံစံကို ရှမ်းပြည်နယ်၌ ၁၉၅၉ ခုနှစ်တွင် ပြောင်းလဲခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော်သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍မရသကဲ့သို့ အတိတ်သမိုင်းကိုသင်ခန်းစာရယူပြီး ပိုမိုကောင်းမွန်သည့်ခေတ်စနစ်မျိုးကို လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း၊ သမိုင်းကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရှမ်းပြည်နယ်တွင်ရှိခဲ့သည့် စော်ဘွားများ၏သမိုင်းကိုလည်း ဖော်ထုတ်ထိန်းသိမ်းသင့်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူလူထု၏ ဆန္ဒပြုအကူအညီတောင်းခံမှုနှင့်အတူ သမိုင်းဝင်အဆောက်အဦတစ်ခုအဖြစ် ဒေသအတွင်းတည်ရှိနေပြီး ဒေသတွင်းရှိ တိုင်းရင်းသားများ၏စည်းလုံးညီညွတ်မှုပြယုဂ်တစ်ခုဖြစ်သည် ဟော်နန်းကိုရှေးမူမပျက်စေဘဲ မူလပုံစံအတိုင်း နိုင်ငံတော်နှင့် တပ်မတော်မှပြန်လည်တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ အလားတူမိုင်းပွန်ဟော်နန်းကိုလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းထားပြီး ကျိုင်းတုံဟော်နန်းကြီးကိုလည်း ပုံစံတူပြန်လည်တည်ဆောက်ရေးဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဒေသအတွင်း ပြည်တွင်းပြည်ပခရီးသွားများလာရောက်လေ့လာကြည့်ရှုမှုများကြောင့် ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာရေးကိုလည်း အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

စော်ဘွားကြီးခွန်ဆန်တုန်ဟုန်း၏ အရိုက်အရာကိုဆက်ခံသည့် သားတော်စပ်ဟုံဖသည် မြောက်သိန္နီနယ်၏နောက်ဆုံးဆက်ခံသည့် စော်ဘွားကြီးဖြစ်ပြီး စစ်ဘက်နယ်ဘက်တာဝန်များကိုထမ်းဆောင်လျက် ပြည်ထောင်စုကြီးကို များစွာအလုပ်အကျွေးပြုခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါကြောင်း၊ (၁၉၄၄-၁၉၄၅) ခုနှစ်တွင် နယ်သူနယ်သားများကိုစုစည်းပြီး တပ်ဖွဲ့ကိုဦးဆောင်လျက် ဂျပန်များကိုတော်လှန်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် မော်ကွန်းဝင်ပင်လုံစာချုပ်ကြီးကို ရှမ်းစော်ဘွားများခေါင်းဆောင်တစ်ဦးအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါကြောင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လားရှိုးမြို့ကို ရဲဘော်ဖြူနှင့်ကွန်မြူနစ်တပ်နီများဝင်ရောက်သိမ်းပိုက်ရာ မိမိနယ်ကရဲအမှုထမ်းနှင့် နယ်တွင်းမှလူသူစုဆောင်းပြီး လားရှိုးမြို့ကို ၁၉၄၈ ခုနှစ်၊ မတ်လအတွင်း ပြန်လည်တိုက်ခိုက်သိမ်းယူပြီး အစိုးရကို ပြန်လည်အပ်နှင်းနိုင်ခဲ့ပါကြောင်း၊ စော်ဘွားကြီး

> **ကမ္ဘာ့သမိုင်းတွင် ဘုရင်စနစ် ကျင့်သုံးသည့်နိုင်ငံများ၊ မဟာရာဇ်များ အုပ်ချုပ်သည့် ပြည်နယ်များ၊ စော်ဘွားအုပ်ချုပ်သောနယ်များ စသည်ဖြင့်ရှိခဲ့ကြပြီး အချို့သော နိုင်ငံများသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးသည့်နိုင်ငံများအဖြစ် ပြောင်းလဲလာခဲ့ကြပြီဖြစ်။**

စပ်ဟုံဖသည် မကွေးခရိုင် နယ်ပိုင်ဝန်ထောက်အဖြစ်လည်းကောင်း၊ အမှတ်(၁၄)ဘားမားရိုင်ဖယ်တပ်ရင်းတွင် ဗိုလ်မှူးအဆင့်ထိလည်းကောင်း တာဝန်များထမ်းဆောင်ခဲ့ပါကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ်အစိုးရဥက္ကဋ္ဌအဖြစ် (၁၉၅၈ ခုနှစ်မှ ၁၉၆၀ ခုနှစ်)ထိ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၁၉၄၉ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် စော်ဘွားကြီး၏ ရဲစွမ်းသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ကိုဂုဏ်ပြုသည့်အနေဖြင့် သတိုးမဟာသရေစည်သူဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း။

အတိတ်သမိုင်းက မြောက်သိန္နီစော်ဘွားကြီးအဆက်ဆက်၏စည်းရုံးဦးဆောင်မှုဖြင့် နယ်သူနယ်သားများ၊ ဒေသခံတိုင်းရင်းသားများသည် စည်းလုံးညီညွတ်စွာနှင့် နိုင်ငံတော်ကာကွယ်ရေး၊ နယ်ချဲ့ကျူးကျော်စစ်ခုခံတွန်းလှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေးများကိုခေတ်အဆက်ဆက်ပါဝင်ဆင်နွှဲခဲ့ကြပါကြောင်း၊ ယင်းကိုအသိအမှတ်ပြုသောအားဖြင့် သိန္နီနယ်၏စည်းလုံးညီညွတ်မှုပြယုဂ်တစ်ခုလည်းဖြစ်၊ သမိုင်းဝင်အဆောက်အဦတစ်ခုလည်းဖြစ်သည့် သိန္နီဟော်နန်းကြီးကို ဒေသခံပြည်သူများ၏ဆန္ဒနှင့်အညီ နိုင်ငံတော်နှင့်တပ်မတော်မှ ရေးမူမပျက် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းအတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း နှစ်ထောင်းအားရဝမ်းသာဖြစ်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခုသိန္နီဟော်နန်းသစ်ကြီးသည် သိန္နီမြို့၏ဂုဏ်ကျက်သရေဆောင် အဆောက်အဦကြီးတစ်ခုဖြစ်သကဲ့သို့ မြို့နယ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှဦးဆောင်ပြီး ဒေသခံများအနေဖြင့် သမိုင်းဝင်ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ်ဆက်လက်ထူထောင်၍ အများပြည်သူလေ့လာအပန်းဖြေဗဟုသုတရရှာမှီးရာ ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ် ဆက်လက်ကြိုးပမ်းထူထောင်သွားမည်ဖြစ်ကြောင်း ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဘာသာသာသနာဆိုင်ရာ အခမ်းအနားများလည်း ကျင်းပသည်ဟုသိရှိရပါကြောင်း၊ ထို့ကြောင့် သိန္နီဟော်နန်းကြီးသာယာလှပခိုင်ခန့်စွာဖြင့် အစွန့်ရှည်တည်ရှိရေးအတွက် ဒေသခံတိုင်းရင်းသားများနှင့် ဌာနဆိုင်ရာအသီးသီးမှ ပြည်သူ့ဝန်ထမ်းများအားလုံးက ပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ကမ္ပည်းမော်ကွန်းကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ဘုရားခန်းအတွင်း သိန္နီစော်ဘွားကြီးခွန်ဆန်တုန်ဟုန်းအပါအဝင် စော်ဘွားအစဉ်အဆက်ကိုးကွယ်ခဲ့သည့် ရှေးဟောင်းဘုရားများအားဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပစ္စည်းများ၊ စော်ဘွားကြီးများ အဆက်ဆက်အသုံးပြုခဲ့သည့် အသုံးပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဟော်နန်းပြန်လည်တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းလက်ရာများသည် တန်ဖိုးဖြတ်မရသည့်ပစ္စည်းများဖြစ်သဖြင့် ထိခိုက်ပျက်စီးမှုများမရှိစေရေးအချို့သော ရှေးဟောင်းပစ္စည်းများကို မှန်ဆောင်များဖြင့် ထည့်သွင်းပြသထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

■ ■ ■

# မြန်မာနှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှုတ်ခွန်းဆက်မင်္ဂလာစကား

( ၁၇ - ၄ - ၂၀၂၃ )



**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ များအားလုံး မြန်မာ့နှစ်သစ်ကူးအခါသမယမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ-**

ဧပြီလ ၁၇ ရက်ဟာ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပြီး နှစ်ဟောင်းမှာကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုပေါင်းများစွာကို **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုတဲ့ခံယူချက်အတိုင်း ပြည်ထောင်စုသားအားလုံး တစ်ဦးကိုတစ်ဦး အားပေးကူညီ ရိုင်းပင်းပြီး ကျော်လွှားနိုင်ခဲ့ပါတယ်။ လက်ရှိဖြတ်သန်းရမယ့် ၁၃၈၅ ခုနှစ် တစ်နှစ်တာကာလကိုလည်း ယခင်နှစ်ကထက် မလျော့သောညီညွတ်မှု၊ စုစည်းမှုစွမ်းပကားဖြင့် ဖြတ်သန်းနိုင်မည်ဟုလည်း ယုံကြည်ပါတယ်။

ပြီးခဲ့တဲ့တစ်နှစ်တာကာလအတွင်း ကျွန်တော်ဦးဆောင်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကိုဗစ်-၁၉ ရောဂါကို အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏စုစည်းအားနဲ့ အောင်မြင်စွာဖြေရှင်းခဲ့ပါတယ်။ အနာဂတ်ကာလမှာ နိုင်ငံသားတိုင်း ကျန်းမာရေးအရ ဘေးကင်းလုံခြုံကောင်းမွန်တဲ့ပတ်ဝန်းကျင်ဖြစ်စေရေးနဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အလေ့အထကောင်းတွေဖန်တီးပေးနိုင်ဖို့ ရေရှည်ရည်မှန်းချက်အနေနဲ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေ ကျန်းမာပြီး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေးဟာ အရေးကြီးပါတယ်။

စားရေရိက္ခာဖူလုံရေးအတွက် ကျွန်တော်တို့နိုင်ငံသားတွေရဲ့ အဓိကအသက်မွေးမြူရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ကာ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးအကြပ်အတည်းများရှိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ကျွန်တော်

**စီးပွားရေးမြှင့်တင်မှုတွေဆောင်ရွက်ရာမှာ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အားပေး ခြင်းဟာ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းဖြစ်ပါတယ်၊ မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့အရိပ်အာဝါသကို အသက် သဖွယ်မြတ်နိုးတန်ဖိုးထားပြီး စုပေါင်း ဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှု အရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။**

တို့ပြည်တွင်းအားတွေ စုစည်းမှုကောင်းလာသောကြောင့် ကုန်ထုတ်လုပ်မှုတွေ ကောင်းမွန်လာပါတယ်။ နယ်စပ်ကုန်သွယ်မှုတွေကို အတိုင်းအတာတစ်ခုအထိ ဖွင့်လှစ်လာနိုင်ခြင်းတွေကြောင့် လုပ်ငန်းတွေပြန်လည်လည်ပတ်လာနိုင်ပြီး နိုင်ငံရဲ့စီးပွားရေးဟာ အနုတ်လက္ခဏာမှ အပေါင်း ၃ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့ပါတယ်။ စီးပွားရေးမြှင့်တင်မှုတွေဆောင်ရွက်ရာမှာ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကိုအားပေးခြင်းဟာ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းဖြစ်ပါတယ်။ MSME လုပ်ငန်းတွေကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်ကုန်တွေ ပိုမိုတင်ပို့နိုင်ဖို့ ကျွန်တော်တို့ပြည်သူတွေက ပိုမိုကြိုးပမ်းဆောင်ရွက်ခဲ့ရင် ဒီနှစ်ဟာ ယခင်နှစ်တွေကထက် စီးပွားရေးတိုးတက်မှုအားပိုကောင်းလာမယ်လို့ ကျွန်တော်အပြည့်အဝယုံကြည်ပါတယ်။ မိသားစုတစ်ခုရဲ့အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလိုပြည်ထောင်စုတစ်ခုရဲ့အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့အရိပ်အာဝါသကို အသက်သဖွယ်မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှုအရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရမှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရေးဟာ မဖြစ်မနေလိုအပ်ပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်တွေရှိနေတဲ့တိုင်းပြည်တွေဟာ တိုးတက်မှုနှောင့်နှေးနေမှာဖြစ်ပါတယ်။ တိုင်းပြည်နဲ့ ပြည်ထောင်စုအကျိုးကို ကြည့်ပြီး သမာသမတ်ရှိစွာ၊ ရိုးသားမှုရှိစွာ ညှိနှိုင်းဆောင်ရွက်ကြိုးပမ်းအားထုတ်မယ်ဆိုရင် “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” “Keep Moving Forward to Achieve Our Goal” ဆိုတဲ့ အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟာ မလွဲမသွေဖြစ်ပေါ်လာမှာပဲဖြစ်ပါတယ်။

အလားတူပဲ လူပုဂ္ဂိုလ်တစ်ဦး အောင်မြင်တိုးတက်ဖို့ဆိုတာ အသိပညာ၊ အတတ်ပညာကြွယ်ဝမှုပေါ်မှာ မူတည်ပါတယ်။ ဒါဟာ လူတိုင်းအတွက် “ပညာ” တတ်မြောက်မှုလိုအပ်တယ်ဆိုတာဖော်ပြတာပါ။ ဒါကြောင့် ကျောင်းနေအရွယ်တိုင်း အတန်းပညာမြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်ဝပြောမှုအကျိုးရလာဒ်ကို ရရှိစေပါလိမ့်မယ်။

မည်သည့်ကိစ္စမဆို လူသာလျှင်အရေးကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာနဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူရဲ့ဦးဆောင်မှု၊ လူရဲ့လိုက်နာဆောင်ရွက်မှု၊ လူရဲ့ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။ ကျွန်တော်တို့အားလုံး ကျရာကဏ္ဍကနေ မိမိတို့ရဲ့အလုပ်ကို စိတ်ပါလက်ပါ ချစ်မြတ်နိုးစွာ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ရည်မှန်းထားတဲ့ နိုင်ငံရဲ့အောင်မြင်မှုဟာ မလွဲမသွေရရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုလိုကျက်သရေမင်္ဂလာရှိတဲ့ ၁၃၈၅ ခုနှစ်၊ နှစ်သစ်ဦးအချိန်ကာလအခါသမယမှာ နှစ်ဟောင်းရဲ့အားနည်းချက်ကိုပြုပြင်၊ အားသာချက်တွေကိုမြှင့်တင်ပြီး နိုင်ငံ့အကျိုးအတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

**ကျွန်တော်တို့အားလုံး စုစည်းညီညွတ်စွာဖြင့် နိုင်ငံ၏ကောင်းရာကောင်းကျိုးကို လက်တွဲညီညီဆောင်ရွက်ကြပါစို့ခင်ဗျား –**

**အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား**

■ ■ ■

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ငုရွှေဝါခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား

( ၂၄ - ၄ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေး ဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများကို ဧပြီလ ၂၄ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ငုရွှေဝါခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကိုပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ

ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ရည်ရွယ်ချက် ၅ ရပ်ဖြင့် တည်ထောင်ခဲ့ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုကဲ့သို့ ရည်မှန်းချက်များသာမက နယ်စပ်ဒေသမှ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်ပေးနိုင်မည့်ဒေသခံတိုင်းရင်းသားခေါင်းဆောင်ငယ်များပေါ်ပေါက်လာရေးရည်မှန်းပြီး လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့ရာ ယခုအခါ သင်တန်းဆင်းစုစုပေါင်း ၁၄၀၅၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့အားလုံးသည်လည်း မကြာခင်ကာလအတွင်း သင်တန်းဆင်းပြီး နိုင်ငံတော်အတွက်အားထားရမည့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့် လိုက်နာရမည့်အချက်များကို မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး လက်ရှိပကတိအခြေအနေများနှင့် ကိုက်ညီသည့်ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်ကိုချမှတ်ကာ နိုင်ငံတော်အတွက် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် လူမှုစီးပွားအခက်အခဲများ၊ နိုင်ငံရေးကိုအကြောင်းပြုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားကြသူ ပြည်တွင်းပြည်ပအင်အားစုများ၏ အကြမ်းဖက်နှောင့်ယှက်မှုများစသည့် စိန်ခေါ်မှုအမျိုးမျိုးကိုရင်ဆိုင်ပြီး နိုင်ငံတော်ကိုဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို မူဝါဒများ၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့်လူမှုစီးပွားဘဝများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်အဖြစ် "တိုင်း ပြည်သာယာဝပြောရေး" နှင့် "စားရေရိက္ခာဖူလုံရေး"၊ နိုင်ငံ ရေးလုပ်ငန်းစဉ် (၂) ရပ်အဖြစ် "စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး" နှင့် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" တို့ကို ဦးတည်ချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့်ပတ်သက်ပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးတည်ဆောက်ပြီး စိမ်းလန်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများနှင့်အတူ ပြည်သူအများ အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်စေရန်နှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ဦးတည်ချက်ထားပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မူလကတည်းကရှိပြီးဖြစ်သည့် မြေ၊ ရေ၊ သဘာဝသယံဇာတစသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ကြိုးပမ်းရာတွင် အခြေကျပြီးဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အရည်သွေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရမှုမှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့နိုင်သည်အထိ ကြိုးပမ်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါကလည်း သဘာဝပတ်ဝန်းကျင်ကို မူလအတိုင်းနှင့် ထိခိုက်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်မှသာ စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်သာယာဝပြောမှုကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် စားရေရိက္ခာလုံခြုံမှုရှိရေးသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခုတွင် လူတိုင်းသန့်ရှင်းသည့် သောက်သုံးရေကို လုံလောက်စွာရရှိသုံးစွဲနိုင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကို သင့်တင့်သောဈေးနှုန်းနှင့် လွယ်လွယ်ကူကူ လုံလုံလောက်လောက် ဝယ်ယူစားသုံးနိုင်မည်ဆိုပါက စားရေရိက္ခာပြည့်စုံလုံလောက်ပြီး လုံခြုံမှုရှိသည့် နိုင်ငံအဖြစ်မှတ်

**ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများကိုယ်တိုင်ကရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများ ကိုယ်စားတာဝန်ယူ၊ တာဝန်ခံပြီးအုပ်ချုပ်သည့် စနစ်ပင်ဖြစ်၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အတူယှဉ်တွဲနေထိုင် ကြသည့် တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်း နေထိုင်ခြင်း၊ မျှဝေခံစားခြင်းပင်ဖြစ်။**

ယူနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက်တွင် ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိခဲ့သည့်အပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးမှ ပိုလျှံသည့်ထွက်ကုန်များကိုလည်း အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများကို တင်ပို့နိုင်ခဲ့သည့်အတွက် အဆိုပါအစဉ်အလာကို ထိန်းသိမ်းမြှင့်တင်ပြီး ပိုမိုတိုးတက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် မငြိမ်မသက်မှုများ၊ ဆူပူအကြမ်းဖက်မှုများသည် ဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် မတရားရယူရန်ကြိုးပမ်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့်ဖြစ်သည်ကို မောင်တို့မယ်တို့အားလုံး အသိပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံ၏ အနာဂတ်ကို ဖော်ဆောင်မည့်ခေါင်းဆောင်များ ရွေးချယ်ခြင်းဖြစ်သဖြင့် အလွန်အရေးကြီးကြောင်း၊ လွတ်လပ်ပြီး တရားမျှတမှုသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ယုံကြည်မှုရှိမည်ဖြစ်ပြီး ကောင်းမွန်သည့် နိုင်ငံရေးသမိုင်းကို ပုံဖော်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားစေမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများ ကိုယ်တိုင်ကရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများ ကိုယ်စား တာဝန်ယူ၊ တာဝန်ခံပြီး အုပ်ချုပ်သည့်စနစ်ပင်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အတူယှဉ်တွဲနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုစနစ်ဟုဆိုကြရာတွင် ပြည်ထောင်စုအတွင်းရှိတိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့၏ အခွင့်အရေးများ၊ နစ်နာမှုများ၊ မိမိတို့ဒေသနှင့်ဆိုင်သည့်အရေးအရာများကို လွှတ်တော်များတွင် တရားဝင်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကျယ်ပြန့်စွာ ကိုယ်စားပြုခွင့်ရရှိနိုင်ရေးအတွက် ရွေးကောက်ပွဲစနစ်ကို လက်ရှိကျင့်သုံးနေသည့် ဦးသူအနိုင်ယူ (FPTP) စနစ်အပြင် အချိုးကျကိုယ်စားပြု (PR) စနစ်ကိုလည်း ပေါင်းစပ်ကျင်းပနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင်လည်း နိုင်ငံသားတစ်ဦးချင်းစီ၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရန်အတွက် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့်မတရားမှုများနှင့် ကင်းဝေးစေရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရန်၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုမှကင်းဝေး

စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မောင်တို့၊ မယ်တို့အနေဖြင့် ရွေးကောက်ပွဲ၏ အနှစ်သာရများကို ကောင်းစွာနားလည်သဘောပေါက်ပြီး လွတ်လပ်တရားမျှတသည့်၊ ပွင့်လင်းမြင်သာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းစဉ်များတွင် ရောက်သည့်နေရာတွင်၊ ကျရာကဏ္ဍမှ ပေးအပ်သည့်တာဝန်များကို တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လည်း မှာကြားလိုကြောင်း။

မောင်တို့၊ မယ်တို့သည် ပညာသင်ကြားရေးတာဝန် ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုစုပျိုးထောင်ပေးရမည့်လူငယ်များကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည်အောင် သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်ကြောင်း၊ ထို့ပြင်လူငယ်လူရွယ်ကျောင်းသား၊ ကျောင်းသူများကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေကိုသာ သင်ကြားပေးရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် အဓိကလိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်တို့အနေဖြင့် တာဝန်ယူခဲ့သည့်ကာလအတွင်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ထိုသို့ဖိတ်ခေါ်ရာတွင် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် လက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့ စုစုပေါင်း (၁၀) ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးနေရာတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့် ရလဒ်များ ရရှိနေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်တစ်ခုမှမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲတံခါးဖွင့်ကြိုဆိုထားသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ၂၂ ကြိမ်ထုတ်ပြန်ခဲ့ပြီး ၂၀၂၃ ခုနှစ်ကုန်သည်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်ပဋိပက္ခများကိုစွန့်ခွာပြီး တွေ့ဆုံဆွေးနွေးခြင်းက တစ်ဆင့်မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းဖြစ်သော NCA အတိုင်း ငြိမ်းချမ်းစွာလျှောက်လှမ်းကြမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့်လည်း မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကိုတိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေးပါသည့်အတွက် မိမိတို့တာဝန်ယူနေသည့်ကာလတွင် ပညာရေးမြှင့်တင်မှုများကို အဓိကအလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြောင်းလဲလာသည့်ခေတ်အခြေအနေအရ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 ပြီးသည်အထိ ပညာသင်ကြားနိုင်ဖို့ ပညာရေးကဏ္ဍကို မြှင့်တင်ပေးနေကြောင်း၊ ပညာသင်ယူရမည့် အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးနှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်သည် နိုင်ငံတော်အစိုးရ၏ ပညာရေး

ရည်မှန်းချက်ဖြစ်ကြောင်း၊ အနည်းဆုံး KG+9 အဆင့်ပြီးမြောက်မှသာ အခြေခံရသွားမည်ဖြစ်ပြီး အသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင်နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် MSME များတွင် အထောက်အကူရရှိနိုင်စေရန် လာမည့်ပညာသင်နှစ်က စပြီး ခရိုင် (၅၀) ရှိအခြေခံပညာအထက်တန်းကျောင်း (၅၁) ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို Grade-10 မှ Grade- 12 အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကျန်သည့်ခရိုင်များ၌ ၂၀၂၄-၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ဦးတည်ချက်ထားပြီးဆောင်ရွက်ရာတွင် ဆရာများ၏အခန်းကဏ္ဍမှာအရေးကြီးသည်ကို အမြဲသတိရှိကြရန်လိုကြောင်း၊ "ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများက အစပြု" ဆိုသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်မှာ ပညာရေးကဏ္ဍတွင် ဆရာများ၏အရေးပါပုံကို မီးမောင်းထိုးပြနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်သည်လည်း မျိုးဆက်သစ်လူငယ်များ၏ လက်ထဲမှာပင်ရှိသည့်အတွက် ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂကချမှတ်ထားသည့် ကလေးသူငယ်များဆိုင်ရာအခွင့်အရေးတွင် ကျန်းမာရေးနှင့်ပညာသင်ကြားခွင့်သည် ထိပ်ဆုံးကပါကြောင်း။

စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့်နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လိုကြောင်း၊ သို့မှသာ မိမိကိုယ်မိမိအကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကိုအကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာကြံ့ခိုင်သည့်လူငယ်များဖြစ်လာစေရန် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြရန်လည်းလိုကြောင်း၊ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအာမခံချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူမှုရေးဦးတည်ချက်ထဲတွင် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့်အချက်ကို ထည့်သွင်းချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတိုးတက်ခြင်း၊ မတိုးတက်ခြင်းဆိုသည်ကို နိုင်ငံသားများ ကျန်းမာရေးနှင့် ပညာရေးအခြေအနေကိုကြည့်ပြီးအကဲဖြတ်နိုင်ကြောင်း၊ လူနေမှုအဆင့်အတန်းနိမ့်ကျမှုနှင့် ကျန်းမာရေးအသိမပြည့်စုံမှုတို့သည် ရောဂါဖြစ်ပွားရခြင်း၏အကြောင်းရင်းများပင်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကတစ်ဆင့် ကျန်းမာရေးအသိပညာများပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် နိုင်ငံတော်၏အနာဂတ်မျိုးဆက်သစ်လူငယ်များကို အရည်အချင်းရှိသည့် ပညာတတ်များဖြစ်

**NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် လက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့ စုစုပေါင်း (၁၀) ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးနေရာတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့် ရလဒ်များရရှိနေပြီဖြစ်၊ ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်တစ်ခုမှမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲတံခါးဖွင့်ကြိုဆိုထားသည်ကို အားလုံးအသိပင်ဖြစ်။**

လာအောင်၊ အမှားအမှန်များကို ခွဲခြားဆင်ခြင်တွေးခေါ် နိုင်စွမ်းရှိလာအောင် သင်ကြားပေးရန်လိုအပ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ် လူရွယ်များဖြစ်လာအောင်လည်း ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်ကို အထူးမှာကြားလိုကြောင်း။

မကြာခင်မှာ ကျောင်းသားကျောင်းသူများကို စာပေ သင်ကြားပေးသည့် ဆရာ၊ ဆရာမများဖြစ်လာကြမည့် မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားရေးနယ်ပယ် တွင် **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်ပို့ဆရာတို့”** ဆိုသည့်ဆရာ့ကျင့်ဝတ် များနှင့်အညီ အနာဂတ်သားကောင်းရတနာများ မွေးထုတ် ပေးနိုင်မည့် အာစရိယဂုဏ်မြောက် ပွဲကိုင်ရှင်များဖြစ်အောင် ကြိုးပမ်းသွားကြရန်လိုကြောင်း။

မဃဒေဝလင်္ကာသစ်တွင်ပါသည့် **“ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်း မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့”** ဆိုသည့် ဆရာ့တာဝန်နှင့်အညီ စာတော်၊ စာတတ်ရုံသာမက ယဉ်ကျေးလိမ္မာပြီး၊ အကျင့်စာရိတ္တ ကောင်းသည့် တပည့်များဖြစ်အောင် သွန်သင်ဆုံးမပေး ကြရန်လည်း မှာကြားလိုကြောင်း၊ မိမိတို့၏တပည့်ကျောင်း သားကျောင်းသူများကိုလည်း **“ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေး အံရွတ်၊ တပည့် ဝတ်”** ဆိုသည့် လေ့လာသင်ယူစိတ်ပြင်းပြပြီး အသိပညာ၊ အတတ်ပညာပြည့်စုံကြွယ်ဝပြီး စိတ်ကောင်းစေတနာ ကောင်းရှိသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် အလေးထားပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြား လိုကြောင်း။

> ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် တစ်မြေတည်းနေ တစ်ရေ တည်းသောက် သွေးချင်းညီအစ်ကိုများ ဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြား သားချင်းများဆိုသည့်စိတ်၊ မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာနေထိုင် ကြသော မိသားစုများဆိုသည့် စိတ်ပင်ဖြစ်၊ အဆိုပါပြည်ထောင်စုစိတ်ဓာတ်နှင့်ပင် မိမိတို့တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုနှင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက် သွားကြရမည်ပင်ဖြစ်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ ကျော် အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် အထူး အရေးကြီးကြောင်း၊ လွတ်လပ်ရေးရယူခဲ့စဉ်ကလည်း ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုတစ်ခုလုံးကို စုစည်းမှုကို သက်သေပြပြီး ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်က အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် တစ်မြေတည်းနေတစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့် မခွဲခြား သားချင်းများဆိုသည့်စိတ်၊ မရှိအတူရှိအတူ အေး အတူပူအမျှ ဥမကွဲသိုက်မပျက်အတူတကွ ချစ်ကြည်ရင်း နှီးစွာနေထိုင်ကြသော မိသားစုများဆိုသည့် စိတ်ပင်ဖြစ် ကြောင်း၊ အဆိုပါပြည်ထောင်စုစိတ်ဓာတ်နှင့်ပင် မိမိတို့ တိုင်းရင်းသား အချင်းချင်း အပြန်အလှန်ချစ်ခင်လေးစား ယုံကြည်မှုနှင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး ကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားကြ ရမည်ပင်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်နိုင်ရန်အတွက် အလိုအပ်ဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးပင်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် နိုင်ငံတော်က မျှော်လင့်အားထားပြီး ပြုစုပျိုးထောင်ပေးထားသည့် သား သမီးများပီသစွာ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိပြီး

မိမိတို့တာဝန်ကျရာဒေသများတွင်ရှိသည့် ကျောင်းသားလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်လာအောင်၊ ဒေသအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာတရားများကို အပြန်အလှန်လေးစားတန်ဖိုးထားပြီး လောကကောင်းကျိုး သယ်ပိုးလိုသူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်း၊ တစ်ဖက်မှလည်း မိမိတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်နေသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဒေသအသီးသီးမှာရှိသည့် တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားလာအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေး” နှင့် “စားရေရိက္ခာဖူလုံရေး” ၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး” နှင့် “ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး” တို့ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာအခန်းကဏ္ဍမှ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့သင်ကြားပေးရမည့် စာသင်ကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူလူငယ်များကို နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် ပညာတတ်လူကောင်းလူတော်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေရှိလာအောင်၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်ပညာရေးကဏ္ဍတိုးတက်မြင့်မားရန် တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားပြီး ပညာတတ်သည့်မျိုးဆက်နှင့် တိုးတက်သည့်နိုင်ငံတော်ကို ထူထောင်နိုင်ရေးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သကြောင်းပြောကြားသည်။

■ ■ ■

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၅ - ၄ - ၂၀၂၃ )



ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကို ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒေါ်ဒွဲဘူပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများတက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ကြမည့်မြန်မာအားကစားအဖွဲ့များက မိတ်ဆက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊

နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့မှ ၁၇ ရက်အထိကျင်းပပြုလုပ်တော့မည်ဖြစ်သဖြင့် ရက်အနည်းငယ်သာလိုတော့သည့်အတွက် ပြိုင်ပွဲဝင်ကြမည့်အားကစားမောင်မယ်အပေါင်းတို့သည် ရုပ်ပိုင်းဆိုင်ရာအသင့်၊ စိတ်ပိုင်းဆိုင်ရာအသင့်၊ အားကစားပညာရပ်ပိုင်းဆိုင်ရာအသင့်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအသင့်၊ အစစအရာရာပြိုင်ပွဲဝင်ကြဖို့အသင့်ဖြစ်နေကြပြီဟုယုံကြည်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံးကလည်း အားကစားမောင်မယ်များ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားကြိုးမာန်တက်၊ အောင်မြင်ရမည်၊ ဆုတွေဆွတ်ခူးနိုင်ရမည်ဆိုသည့် စိတ်ဓာတ်အပြည့်နှင့် **“ပွဲမဝင်ခင် အပြင်ကကျင်းပ”** ဆိုသည့်အတိုင်း ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်နေမှုများကို မျက်ဝါးထင်ထင်တွေ့မြင်သိရှိပြီးဖြစ်သကဲ့သို့ ဆုများတစ်ပွေ့တစ်ပိုက်နှင့် အောင်မြင်မှုများနှင့်ပြန်လာမည်ကို မျှော်လင့်စောင့်စားနေကြမည်ပင်ဖြစ်ပါကြောင်း။

**“လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲခံ”**ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့်အောင်စိတ်တံခွန်များတလူလူလွင့်ထူထားကြပြီဟုလည်း ယုံကြည်ထားပါကြောင်း။

ယခုသွားရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းကောင်းကြီး တစ်ရပ်လည်းဖြစ်ပါကြောင်း၊ ယခုအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်နေကြသည်ကို အသိပေးမှာကြားလိုပါကြောင်း၊ မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် မောင်မယ်များအနေဖြင့် ရေကုန်ရေခမ်းအားထုတ်ကြိုးပမ်းသွားကြမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

ယခု (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပြိုင်ပွဲများကထက် ဆုတံဆိပ်များပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်သွင်းနိုင်ကြမည်ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံတွင်အမြင့်မားဆုံးသော အိုလံပစ်အားကစားပြိုင်ပွဲဖြစ်ပြီး ယခုပြိုင်ပွဲမှာတင်ကျေနပ်မနေဘဲ အာရှအိုလံပစ်၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ မျှော်မှန်းကြိုးပမ်းသွားကြစေလိုပါကြောင်း။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကိုဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်ကြောင်း၊အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကိုအုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများအားလုံး သတိချပ်ကြစေလိုပါကြောင်း၊ ထို့ပြင် အမိမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုး၏ဂုဏ်သိက္ခာနှင့် ပတ်သက်ဆက်နွယ်နေသည့်အတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည်

**မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပြိုင်ပွဲများ ကထက် ဆုတံဆိပ်များပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှု သမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်သွင်း နိုင်ကြမည်ဖြစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အာဆီယံတွင် အမြင့်မားဆုံးသော အိုလံပစ်အားကစား ပြိုင်ပွဲဖြစ်ပြီး ယခုပြိုင်ပွဲမှာတင်ကျေနပ် မနေဘဲ အာရှအိုလံပစ်၊ ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည် အထိ မျှော်မှန်းကြိုးပမ်းသွားကြစေလို။**

အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးချမှတ်ဆောင်ရွက်နေသည့် ဦးတည်ချက်များထဲတွင် **“နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့်ကျန်းမာရေးစနစ်ဖြစ်ပေါ်လာစေရေး”** ဆိုသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးပါကြောင်း၊ **“အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့်တိုင်းပြည်ကိုကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကိုအားပေးမြှင့်တင် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့တာဝန်မယူမီကရှိခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး သီးခြားစီခွဲ၍ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လူငယ်များကို ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားမည့် ရည်ရွယ်ချက်ပင်ဖြစ်ပါကြောင်း၊ အားကစားထူးချွန်သည့်လူငယ်များကို ယခုကဲ့သို့ နိုင်ငံ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများကိုသွားရောက်ယှဉ်ပြိုင်စေခြင်းဖြင့် အားကစားလူငယ်မောင်မယ်တို့၏ကြိုးပမ်းမှု၊ အောင်မြင်မှုများသည် နိုင်ငံတော်၏ဂုဏ်သိက္ခာကိုမြင့်မားစေပြီး မိမိတို့တစ်ဦးချင်း၏ လူနေမှုဘဝများလည်း မြင့်မားလာစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင်အောင်မြင်မှုနှင့် ဂုဏ်ပြုဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကိုလည်း အသက် (၆၀) ပြည့်မြောက်တဲ့အချိန်ကစပြီး သက်ရှိထင်ရှားရှိနေသမျှကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့အထိ အားကစားသမားကြီး (၂၃၀) ကို လစဉ်ကျပ်တစ်ရာငါးဆယ့်ငါးသိန်းတစ်သောင်းတိတိထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်ခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထဲက ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦးနှင့် လူမှုထူးချွန်တတိယအဆင့် ၆၉ ဦးတို့ကိုပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ကျန်နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်းဆက်လက်ပြီး စိစစ်ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင်နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိလာကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခု (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခုအပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အလံတော်သည် မောင်တို့မယ်တို့ အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ကိုပါ နိုင်ငံတော်ကို ကိုယ်စားပြုနေသည်ဆိုသည့်ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခမ်းအစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ယခုနိုင်ငံတော်ကိုကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် ကောင်းမွန်သည့်ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များနှင့် ပြည့်ပြည့်ဝဝခိုင်ခိုင်မာမာရှိနေပြီဟု ယုံကြည်ထားပြီးဖြစ်ကြမည်ဖြစ်ကြောင်း၊

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့်
မြန်မာအားကစားအဖွဲ့ကို ယခုအပ်နှင်း
လိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာ
နိုင်ငံတော်၏ အလံတော်သည်
မောင်တို့မယ်တို့အားကစားအဖွဲ့အတွက်
ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ကိုပါ
နိုင်ငံတော်ကို ကိုယ်စားပြုနေသည်ဆိုသည့်
ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏
အောင်လံတလူလူ လွင့်ပျံနေစေရေး
ရေကုန်ရေခမ်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်
သွားကြရန် အလေးအနက်တိုက်တွန်းလို။

ထို့ကြောင့် ပြိုင်ပွဲတွင်အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်ရေးဆိုသည့်တာဝန်ကြီးကို နိုင်ငံတော်ကပေးအပ်လိုက်ပြီးဖြစ်ခြင်းကြောင့် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ အားကစားအောင်မြင်မှုများအတွက်လည်း ထိုက်တန်စွာဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်ကကူညီအားပေးခဲ့ကြသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များပါအဝင် အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့်အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်တို့ဖြင့် အချင်းချင်းရိုင်းပင်းကူညီသွားကြရန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာပြုမူကျင့်ကြံနေထိုင်ယှဉ်ပြိုင်ခဲ့ကြရန်၊ အနိုင်မခံအရှုံးမပေးကြံ့ခိုင်သည့်စိတ်ဓာတ်၊ မလျှော့သည့်ဇွဲ၊ လုံ့လတို့နှင့်ရင်ဆိုင်ယှဉ်ပြိုင်ပြီးဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်နှင့် တရားမျှတသန့်ရှင်းစွာယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေးသံတမန်ကောင်းတာဝန်များကိုကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်းမောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန်နှင့် ဆုတံဆိပ်များနှင့် ပြန်လာမည့်အားကစားအဖွဲ့ကို မျှော်လင့်စောင့်ကြိုနေမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ တွေ့ဆုံပြောကြားသည့်သြဝါဒစကား

( ၂၆ - ၄ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်လူရည်ချွန်မောင်မယ်များအား ဧပြီလ ၂၆ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ (MICC–II) ၌ တွေ့ဆုံ၍ သြဝါဒစကားမြွက်ကြားသည်။

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များတက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သြဝါဒစကားမြွက်ကြားရာတွင် လူငယ်ဆိုသည်မှာ အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်ပါကြောင်း၊ လူငယ်ဆိုသည်မှာ ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများပင်ဖြစ်ကြကြောင်း၊ မောင်တို့မယ်တို့ ကျောင်းသားလူငယ်များသည် ကလေးဘဝနှင့် လူကြီးဘဝအကြားတွင်ရှိသည့် လူငယ်များဖြစ်သည့်အတွက် အဆိုပါအရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ မိမိဘဝအတွက်၊ မိမိမိသားစုအတွက်၊ မိမိတိုင်းပြည်နှင့် လူမျိုးအတွက် မိမိလိုလားတောင့်တသည့်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ရည်မှန်းချက်၊ မျှော်လင့်ချက်များနှင့် တွန်းအားပေးနိုင်သည့်မောင်းနှင်အားများကို ပိုင်ဆိုင်ထားကြသည်ဟု ပြောနိုင်ကြောင်း။

အဆိုပါအရည်အသွေးကောင်းများကိုပိုင်ဆိုင်ထား

သည့်မောင်တို့မယ်တို့ ကျောင်းသားလူငယ်များသည် လူ့အသိုင်းအဝိုင်းတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ ရင်းနှီးဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန်လေးစားမှုတို့နှင့် နေထိုင်ပြောဆိုဆက်ဆံကြပြီး စဉ်းစားဆင်ခြင်မှုအသိဉာဏ်ပညာများနှင့် ကြိုးစားအားထုတ်သွားကြမည်ဆိုပါက ဘဝတွင်အောင်မြင်မှုများကိုရရှိနိုင်မည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း။

ပညာထူးချွန်ပြီးထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်သည့် အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ်မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းကို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသား၊ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဆိုသည့် ကောင်းမြတ်သောရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**"လူရည်ချွန်စီမံကိန်း"** ကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ်၊ (၂၅) ကြိမ်မြောက် ငွေရတု လူရည်ချွန်စီမံကိန်းအထိကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မှစပြီး ခေတ္တရပ်နားခဲ့သည့် **"လူရည်ချွန်စီမံကိန်း"** ကို ၂၀၁၃ ခုနှစ်တွင် **"ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း"** အဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် **"လူရည်ချွန်စီမံကိန်း"** အမည်နှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရပြီး လာမည့်နှစ်တွင် နှစ် ၆၀ ပြည့်တော့မည်ဖြစ်ကြောင်း။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရသည့်အခြေအနေကြောင့် လူရည်ချွန်စီမံကိန်းကို ခေတ္တရပ်နားခဲ့ရာမှ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ယခုပညာသင်နှစ်တွင် အဋ္ဌမတန်းလူရည်ချွန် ၁၆၀ ဦး၊ ဒသမတန်း လူရည်ချွန် ၁၆၀ ဦး၊ ကောဒသမတန်း လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို ရွေးချယ်မွေးထုတ်နိုင်ခဲ့ပြီး ပုဂံ၊ တောင်ကြီး၊ ငွေဆောင်စသည့် လူရည်ချွန်စခန်းအသီးသီးကို လေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်သွားမည်ဖြစ်ကြောင်း။

ထိုသို့ အဖွဲ့လိုက် စုစုစည်းစည်း သွားလာနေထိုင်လေ့လာကြခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များအနေဖြင့် အချင်းချင်းရင်းနှီးခင်မင်မှုရရှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသန္တရဗဟုသုတများဖလှယ်ခြင်းဖြင့် မိမိတို့သူငယ်ချင်းများနေထိုင်ရာဒေသအကြောင်းနှင့် လူရည်ချွန်စခန်းအခြေစိုက်ရာဒေသများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ဒေသန္တရဗဟုသုတများတိုးပွားစေမည်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်များကိန်းအောင်း ရှင်သန်လာစေမည်ဖြစ်ကြောင်း။

မျိုးဆက်သစ် လူငယ်မောင်မယ်များကို အခုကဲ့သို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးရန်အရေးကြီးသကဲ့သို့ ကိုယ်နှုတ်နှလုံးသုံးပါး ယဉ်ကျေးလိမ္မာပြီး လူမှုရေးအသိစိတ်ဓာတ်များရရှိစေရန်၊ လူ့အဖွဲ့အစည်းတွင် အဆင်ပြေစွာလိုက်လျောညီထွေနေထိုင်တတ်စေရန်၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်စေရန်၊ ဦးဆောင်တတ်သူများဖြစ်လာစေရန်နှင့် နောက်လိုက်ကောင်းများဖြစ်စေရန်၊ အသက်အရွယ်အလိုက်ရရှိထိုက်သည့် အခွင့်အရေးများရရှိကြရန်လိုကြောင်း၊ အဆိုပါအခွင့်အရေးများနှင့် လျော်ညီစွာထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်၊ လူလိမ္မာနှင့်လူမိုက်ကို ခွဲခြားသိရှိပေါင်းသင်းဆက်ဆံတတ်စေရန်၊ ပညာရှိသူတော်ကောင်းများ၏ သဘောသဘာဝကိုသိရှိနားလည်ပြီး အဆိုပါပုဂ္ဂိုလ်များကဲ့သို့ နေထိုင်ပြုမူကျင့်သုံးတတ်စေရန်၊ တစ်နည်းအားဖြင့် စိတ်ထားမြင့်မြတ်ပြီး အဘက်ဘက်ကပြည့်စုံသည့် လူရည်ချွန်လူရည်မွန်များဖြစ်လာစေရန် ပျိုးထောင်

**ပညာထူးချွန်ပြီးထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ်မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများ ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချ တည်ဆောက်ခြင်းပင်ဖြစ်။**

ပေးရေးသည် နိုင်ငံတော်က မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မောင်တို့မယ်တို့ကို နိုင်ငံ၏အနာဂတ်အတွက် ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး အများနှင့် စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကိုဆောင်ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းအပြင် လူငယ်ကဏ္ဍ အစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့လေ့ကျင့်ပေးသည့်အတွက် မောင်တို့မယ်တို့သည် ဘက်စုံထူးချွန် လူရည်ချွန်လူရည်မွန်များအဖြစ် တိုင်းပြည်၏အနာဂတ်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အထောက်အကူဖြစ်လာမည်ပင်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ကျောင်းသားလူငယ်များထဲမှ အနာဂတ်နိုင်ငံတော်ကိုဦးဆောင်နိုင်မည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန်လည်း အများကြီးမျှော်လင့်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များပေါ်ထွက်လာစေရန် အလေးထားဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသားကျောင်းသူများအားလုံး အနည်းဆုံးအလယ်တန်းဆင့် (KG+9) ပြီးမြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစပြီး အလယ်တန်းဆင့် ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်းကိုခရိုင် ၅၀ တွင်ဖွင့်လှစ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အခြေခံပညာအလယ်တန်းဆင့် ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသားလူငယ်များအနေဖြင့် အခြေခံပညာ(အထက်တန်း)၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် ၄ မျိုးကို သင်ယူနိုင်မည့် အခွင့်အလမ်းများကိုရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်ကို အသိပေးပြောကြားလိုကြောင်း၊ ထူးချွန်ထက်မြက်သူများအနေဖြင့်လည်း ဝါသနာပါရာအဆင့်မြင့်ပညာများကို သက်ဆိုင်ရာ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဆက်လက်သင်ယူနိုင်ကြမည်ဖြစ်သဖြင့် မိမိတို့ဘဝအတွက်၊ နိုင်ငံအတွက်ကြိုးစားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကို အရည်အချင်းစိစစ်ပြီး နိုင်ငံအသီးသီးသို့ ပညာတော်သင်များစေလွှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံအရေးကို ဦးထိပ်ထားပြီး မိမိသင်ယူရမည့်ပညာရပ်နယ်ပယ်တွင် ထူးချွန်ထက်မြက်အောင် အပတ်တကုတ်ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

ထို့ပြင် မိမိတို့၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခြိမ်းခြောက်လျက်ရှိသည့် မိမိဘဝအညွန့်ကျိုးဒုက္ခရောက်စေမည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို ပိုမိုသိရှိနားလည်သတိထားရှောင်ရှားကြရန်နှင့် အမှောင့်ပယောဂအမျိုးမျိုးတို့ကို အသိဉာဏ်ပညာနှင့်

ရှောင်ရှားနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အားလပ်သည့် အချိန်တွင် မိမိတို့၏ပင်ကိုယ်အရည်အသွေးကို မြှင့်တင်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ အင်တာနက်ကို အကျိုးရှိစွာအသုံးချပြီး အင်တာနက်ကို ပညာရှာမှီးရာတွင် အသုံးချရန်၊ စာများများဖတ်ကြရန်နှင့် မိမိကျန်းမာရေးကို ဂရုစိုက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်ရန်အတွက် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော် ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားများ၏ မြင့်မားသည့် အသိဉာဏ်ပညာစွမ်းပကားနှင့် တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ်ကျင့်သိက္ခာတရားကို တန်ဖိုးထားသည့်စိတ်၊ ကြိုးစားအားထုတ်လိုစိတ်၊ တီထွင်ဖန်တီး ထိုးထွင်းဆောင်ရွက်လိုစိတ်များရှိရန်လည်း အထူးလိုအပ်သည်ကို ပြောကြားလိုကြောင်း။

မောင်တို့မယ်တို့အနေဖြင့် မိဘ၊ ဆရာသမားများ၏ ပြောဆိုဆုံးမမှုအောက်တွင်ကောင်းမွန်သည့် စည်းကမ်းများ၊ ကိုယ်ကျင့်တရားများနှင့်အညီ ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ဂုဏ်ပြုအခမ်းအနားကြီးကို တက်ရောက်ခွင့်ရရှိခြင်းဖြစ်သည့်အတွက် ဆက်လက်၍လည်း အခုကဲ့သို့ကြိုးစားသွားကြရန် ထပ်လောင်းပြောကြားလိုကြောင်း။

**"စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်"** ဆိုသည့်စကားနှင့်အညီ ဆက်လက်လျှောက်လှမ်းရမည့် အနာဂတ်ခရီးလမ်းတွင်လည်း မောင်တို့မယ်တို့ ကျောင်းခန်းထဲတွင် တွေ့မြင်နေကြရသည့် **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်ဆောင်ပုဒ်အတိုင်း ဥပဒေနှင့်စည်းကမ်းကိုလေးစားလိုက်နာသည့် နိုင်ငံကြီးသားပီသစေရန်မမေ့မလျော့ အစဉ်အမြဲကျင့်ကြံနေထိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူဘဝတွင် တပည့်ကောင်းဖြစ်စေရေးကြိုးပမ်းရမည်ဖြစ်သကဲ့သို့ တိုင်းပြည်ကို ဦးဆောင်မည့်သူများဖြစ်ရန်အတွက် စည်းကမ်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာကြရေး ကြိုးပမ်းအားထုတ်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

မောင်တို့မယ်တို့ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် ဘဝဆက်လက်ရှင်သန်အောင်မြင်အောင် လျှောက်လှမ်းနိုင်ရန် အခြေခံကောင်းများပြည့်စုံနေရန် လိုအပ်ကြောင်း၊ ယင်းအခြေခံကောင်းများသည် လူငယ်ဘဝတွင် ကျင့်ကြံလိုက်နာပြုမူကြရမည့် ကျင့်ဝတ်များပင်ဖြစ်ကြောင်း၊ အဆိုပါကျင့်ဝတ်များမှာ မောင်တို့မယ်တို့ သိရှိပြီးဖြစ်သည့် **"သားသမီးကျင့်ဝတ်ငါးပါး"** နှင့် **"တပည့်ကျင့်ဝတ်ငါးပါး"** တို့ပင်ဖြစ်ကြောင်း၊ လူငယ်ဘဝတွင် အဆိုပါကျင့်ဝတ်များကို ထိန်းသိမ်းလိုက်နာသွားနိုင်ကြမည်ဆိုပါက ဘဝအတွက် အခြေခံကောင်းများကိုပိုင်ဆိုင်ကြပြီး တိုးတက်အောင်မြင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်က အားကိုးအားထားပြုရမည့် သားကောင်းရတနာများဖြစ်လာကြမည်မှာကေန်မလွဲဖြစ်သည်ဟုပြောကြားလိုကြောင်း။

လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိကိုယ်တိုင်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာ ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

**"လူရည်ချွန်စီမံကိန်း"**သည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့ သားကောင်းရတနာများ မွေးထုတ်ပေးခဲ့သည့်၊ အစဉ်အလာကောင်းရှိခဲ့သည့် ပညာရေးစီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး"**ဆိုသည့် ဦးတည်ချက်ကို ပေါက်မြောက်အောင်မြင်ရန်အတွက် လာမည့်ပညာသင်နှစ်များတွင်လည်း အနာဂတ်မျိုးဆက်သစ်များစဉ်ဆက်မပြတ်ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ လူရည်ချွန်မောင်မယ်များအားလုံး ကျန်းမာပျော်ရွှင်စွာနှင့် လေ့လာရေးခရီးစဉ်တွင် အစအဆုံးအောင်အောင်မြင်မြင်ပါဝင်နိုင်ကြပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့အကျိုးပြုသားကောင်းရတနာသမီးကောင်းရတနာများဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းပြောကြားသည်။

■ ■ ■